ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (19-3-2008) (၅၆၂၇)

နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံ မင်္ဂလ မုတ္တမံ

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စပိန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ **စပိန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသူ မစ္စတာ ဟိုဆေးလူဝီရိုဒရီဂက်ဇ် ဇာပါတေရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကမာရွတ်မြို့နယ်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၆နာရီခွဲတွင် ကမာရွတ်မြို့နယ်ရှိ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

ကြေးမုံ The Mirror — တိုင်းရင်းသားလူမျိုးစုများအနေဖြင့် မိမိတို့၏ဒေသအရေးကို မိမိတို့ဘာသာ စီမံခန့်ခွဲနိုင်

တိုင်းရင်းသားလူမျိုးစုများအနေဖြင့် မိမိတို့၏ဒေသအရေးကို မိမိတို့ဘာသာ စီမံခန့်ခွဲနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လွှတ်တော်များကိုလည်းကောင်း၊ အစိုးရအဖွဲ့များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခွင့် ရရှိလာသည်။

အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအလိုက် ဦးစီးအဖွဲ့များဖွဲ့စည်းပြီး ဥပဒေပြုခွင့်အာဏာနှင့် အုပ်ချုပ်ခွင့်အာဏာတို့ကို ဒေသခံတိုင်းရင်းသားများကိုယ်တိုင် ကျင့်သုံးခွင့်ရရှိကြမည်ဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ မရရှိကြသည့် လူဦးရေနည်းသည့် တိုင်းရင်းသားများအတွက်လည်း အခွင့်အရေးများ မကျန်စေရအောင် ဖော်ဆောင်ပေးထားသည်။

လေ့လာသူတစ်ဦး၏ **"ပုံပြင်ထဲကလူ လူထဲကပုံပြင်"** (ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror

၁၉–၃–၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇီဝိတဒါန မွန်မြတ်သော ကုသိုလ်ပြု စေတနာသွေးဖြင့် လူ့အသက်ကိုကယ်တင်

ရွှေတိဂုံစေတီတော် (၂၅၉၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အကြို ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မတ်လ ၉ ရက်နေ့က စေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပခဲ့သည်။ စေတနာ သွေးလှူရှင်များ လှူဒါန်းသည့် သွေးပုလင်းပေါင်း ခြောက်ရာကျော်ကို ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက အမျိုးသားသွေးဌာနသို့ ပေးအပ်လှူဒါန်းခဲ့သည်။

သွေးသည် လူ၏အသက်ပင်ဖြစ်ရာ သွေးလှူဒါန်းခြင်းသည် ဇီဝိတဒါန မွန်မြတ်သောအလှူဖြစ်သည်။ မိမိကိုယ်တိုင် သွေးလှူခြင်းနှင့် စေတနာသွေးလှူရှင်များ တိုးပွားများပြားလာရေး အားထုတ်ကြိုးပမ်းနေခြင်းသည် ထူးကဲသော ကုသိုလ်ပြုခြင်းပင်ဖြစ်သည်။

ဆေးရုံများတွင် သွေးသွင်းကုသရန် လိုအပ်သော လူနာများအတွက် သွေးကို အချိန်မီလုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ ကျန်းမာသန့်စင်သည့် သွေးလှူရှင်များက လှူဒါန်းကြရန်လည်း အရေးကြီးသည်။ အထူးသဖြင့် သွေးလှူရှင်များသည် ကျန်းမာပြီး သွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှုရောဂါပိုး၊ အသည်းရောင် အသားဝါဘီပိုး၊ စီပိုးစသည့် ကူးစက်နိုင်သောရောဂါပိုး ကင်းစင်သူများ ဖြစ်ကြရမည်ဖြစ်သည်။

ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများအတွက် နှစ်စဉ်လိုအပ်နေသော သွေးများကို လေးလတစ်ကြိမ် ပုံမှန်လှူဒါန်းနေသော သွေးလှူရှင်များ၊ တစ်နှစ်လျှင် တစ်ကြိမ်ခန့် လှူဒါန်းနေသူ သွေးလှူရှင်များနှင့် ယခုကဲ့သို့ လူမှုရေး အသင်းအဖွဲ့များက လှူဒါန်းနေသော စေတနာသွေးများဖြင့် ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက သွေးသွင်းကုသမှုများအတွက် အန္တရာယ်ကင်းသောသွေးများ ရရှိစေရန် သွေးမလှူမီ လိုအပ်သော ဆေးစစ်မှုများ ပြုလုပ်ပြီးမှသာ သွေးလှူစေသည်။ အထူးသဖြင့် HIVရောဂါပိုး စစ်ဆေးမှုများနှင့် သွေးအရည်အသွေး ပြည့်မီစေရန် ထိန်းချုပ်သည့် အစီအစဉ်များ ပါဝင်သည့်အပြင် သွေးလှူဒါန်းရာတွင် ပိုးမွှားသန့်စင်ပြီးသော အပ်များ၊ ကိရိယာများကိုသာ သုံးစွဲသဖြင့် အန္တရာယ်ကင်းပေသည်။

သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာ အချိန်ကြာပြီး သွေးလှူရှင်များအား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားဖြည့်လန်းဆန်းစေခြင်းတို့ကြောင့် အသက် ၁၈ နှစ်မှ ၆၀ အတွင်းရှိ ကျန်းမာရေးကောင်းမွန်သူတိုင်း သွေးလှူသင့်ကြပေသည်။ ကျန်းမာကြံ့ခိုင်သူတစ်ဦး၏ ခန္ဓာကိုယ်အတွင်းမှ သန့်စင်သော စေတနာသွေးဖြင့် အခြားသူတစ်ဦး၏အသက်ကို ကယ်တင်နိုင်ခြင်းသည် မွန်မြတ်သော အလှူပြုခြင်းဖြစ်သည်။ တစ်ဦးချင်း သွေးလှူသူများ၊ အသင်းအဖွဲ့၊ ဌာန၊ မြို့နယ်အလိုက် သွေးလှူဒါန်းနေသူများ၊ သွေးလှူရှင်များ တိုးပွားလာရေးနှင့် စုဆောင်းရေးအတွက် ငွေအား၊ လူအား၊ ပစ္စည်းကိရိယာများ လှူဒါန်းနေကြသူများ တိုးတက်များပြားလာလျက်ရှိရာ စေတနာသွေးဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးဘဆက် (အငြိမ်းစားကောင်စစ်ဝန်ချုပ်)–ဒေါ်ခင်ခင်ဒွေး၊ အစ်ကိုကြီးဦးမျိုးလွင်–အစ်မကြီးဒေါ်ခင်သန်းလွင်၊ အစ်မလတ် ဒေါ်ခင်ကျော့မေတို့အား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၆)ရပ်ကွက် ရန်ကုန်–အင်းစိန်လမ်းမကြီးနေ ဦးမောင်အေး–ဒေါ်ခင်ဆွေဝင်း၊ ဦးကျော်ဆက်–ဒေါ်စောဝင်းမာ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်တေဇနိယ (B.A) (M.A) (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ငမိုးရိပ်–ဂျိုးဖြူ ရေပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၈

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီး၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ခဲ့သော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၄၉၊ ၅၀နှင့် ၅၁ ရပ်ကွက် ငမိုးရိပ်–ဂျိုးဖြူရေပိုက်လိုင်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၇ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘုရင့်နောင်လမ်းနှင့် ရာဇသင်္ကြန်လမ်းဆုံ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေးကြပြီး ငမိုးရိပ်–ဂျိုးဖြူရေပိုက်လိုင်းကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် ၄၉၊ ၅၀နှင့် ၅၁ရပ်ကွက် ငမိုးရိပ်–ဂျိုးဖြူ ရေပိုက်လိုင်းဖွင့်ပွဲကို ဘုရင့်နောင်လမ်းနှင့်ရာဇသင်္ကြန်လမ်းဆုံရှိ မုခ်ဦးဥပစာ၌ကျင်းပရာ မင်္ဂလာအချိန်၌ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ အမှတ်(၄၉) ရေသွယ်ယူရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် အမှတ် (၅၁) ရပ်ကွက် ရေသွယ်ယူရေးကော်မတီ ဥက္ကဋ္ဌ ဦးစံမောင်တို့က ငမိုးရိပ်–ဂျိုးဖြူ ရေပိုက်လိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ငမိုးရိပ်–ဂျိုးဖြူ ရေပိုက်လိုင်းဖွင့်ပွဲအခမ်းအနားကို မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမှာစကားပြောကြားပြီး အမှတ် ၄၉၊ ၅၀ နှင့် ၅၁ ရပ်ကွက်များနေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာ စုစုပေါင်းအစောင် ၁၂၀၀ ကို ရပ်ကွက်များကိုယ်စား အမှတ် (၄၉)ရပ်ကွက် ရေသွယ်ယူရေးကော်မတီ ဥက္ကဋ္ဌက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်က လက်ခံပြီး အသင်းဝင်အသိအမှတ်ပြုကတ်များ ပြန်လည်ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သော ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် ၄၉၊ ၅၀ နှင့် ၅၁ ရပ်ကွက် ငမိုးရိပ်–ဂျိုးဖြူ ရေပိုက်လိုင်းဖွင့်ပွဲတွင် အချင်းရှစ်လက်မ၊ ခြောက်လက်မ၊ လေးလက်မ၊ သုံးလက်မနှင့် နှစ်လက်မရှိ ပိုက်ရှည်စုစုပေါင်း ၁၈၃၆၆၉ ပေကို အသုံးပြုဆောင်ရွက်ခဲ့ရပြီး အိမ်ခြေစုစုပေါင်း ၂၀၀၀ နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

(၁၉)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံများ) ဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်–၄၉၊ ၅၀ နှင့် ၅၁ ရပ်ကွက် ငမိုးရိပ်–ဂျိုးဖြူ ရေပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားတွင် မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(၁၉)

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဆန်းယု (ဦးစီးအရာရှိ) ဦးဆောင်၍ ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၊ ခရိုင်ရဲတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ မတ် ၁၂ ရက်က သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း (ဂေါက်ကွင်းရှေ့) ပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား သတ်မှတ်လိုင်စင်ပါရှိမှု ရှိ/မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီမောင်းနှင်ခြင်း ရှိ၊မရှိ တို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မြန်အောင်လေးမျက်နှာ မဟာစည်ဆရာတော်တရားပွဲများ

ရန်ကုန် မတ် ၁၈

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာနာယက မြန်အောင်လေးမျက်နှာ မဟာစည်ဆရာတော်ဘဒ္ဒန္တပညိန္ဒာဘိဝံသသည် မတ် ၁၉ ရက်ည မြန်အောင်ရိုက်မဲဇင်းဘုရားပွဲ၊ ၂၀ ရက်၌ ဇင်ပြွန်းကုန်းရွာတရားပွဲ၊ ၂၁ ရက်၌ လှည်းကူးမေတ္တာကျေးရွာ သိမ်ရေစက်ချတရားပွဲ၊ ၂၇ ရက် မြန်အောင်ရွှေကျင် အလှူတရားပွဲ၊ ၂၈ ရက် မျောက်ချောကုန်းရွာ အလှူတရားပွဲ၊ ၂၉ နှင့် ၃၀ ရက် မြန်အောင်စခန်းပွဲ၊ ၃၁ ရက် ကွမ်းခြံကုန်းတရားပွဲ၊ ဧပြီ ၁ ရက် ဦးတင့်လွင်ဦး ဒေါ်လှလှသီ မထသကွင်းလှ အလှူတရားပွဲ၊ ၃ ရက်နှင့် ၄ ရက် မြန်အောင် စခန်းတရားပွဲ၊ ၅ ရက်နှင့် ၆ ရက် မထသကွင်းလှ ဓမ္မာရုံညတရားပွဲ၊ ၉ ရက် ကြက်သွန်ခင်းကျောင်းတရားပွဲ၊ ၁၀ ရက်နှင့် ၁၁ ရက် ဟင်္သာတ တလုတ္တော်ကျောင်းကြီး တရားစခန်းပွဲ၊ ၁၂ ရက် လယ်တီစံရိပ်သာ ပုဇွန်တောင် တရားပွဲများ၌ တရားများ ဟောကြားတော်မူဖြစ်သည်။ (က–ပ)

ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်ချီးမြှင့်တော်မူသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီပေါမြို့ ရေဟော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသဝအား နှစ်ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကမ္ဘောဇသာသနာ့ဗိမာန်၊ ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် သီပေါမြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော် ကန်တော့ကြပါရန်နှင့် လှူဒါန်းလိုသူများ ဦးစိုင်းလူး ဖုန်း–၆၆ ၅၅၄၃၊ ဒေါ်ခင်မာလာစိုး ဖုန်း–၅၇၃ ၄၀၆၊ ၀၉ ၅၁၃၆၇၅၆၊ ဒေါ်နန်းခင်အုံးကြည် ဖုန်း–၅၄၄၇၇၀၊ ၅၄၆၉၁၆ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

မင်းပြားမြို့နယ်အသင်း (ရန်ကုန်) ဂုဏဝိသိဋ္ဌပူဇာသဘင်

ရန်ကုန် မတ် ၁၈

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မင်္ဂလာတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ) နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ အိန္ဒိယနိုင်ငံ ဗာရာဏသီ ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ အရှင်မြတ်နှစ်ပါးအား ဂုဏ်ပြုပူဇော်ခြင်း၊ မင်းပြားမြို့နယ်သား ရန်ကုန်ကျောင်းထိုင် ဆရာတော်များအား ပူဇော်ကန်တော့ခြင်း၊ အသက်(၇၅)နှစ်အထက် ဘိုးဘွား မိဘများအား ပူဇော်ခြင်း၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ကျောင်းသူများအား ပညာရည်ချွန်ဆုပေးခြင်းနှင့် (၁၉)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဥက္ကဋ္ဌ ဦးစိန်လှအောင် ဖုန်း–၅၇၁၇၁၀၊ အတွင်းရေးမှူး ဦးထွန်းကျော် ဖုန်း–၅၂၆၀၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်ပနိုင်ငံများမှ ဘွဲ့ခံဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များ ရန်ကုန်မြို့သို့ ကြွရောက်တော်မူ

ရန်ကုန် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်တော်မူကြမည့် အိန္ဒိယသမ္မတနိုင်ငံ၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရလူပုဂ္ဂိုလ်များသည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြသည်။

ကြိုဆိုပင့်ဆောင်

အဆိုပါ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များအား သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. P.A.D Samarasekera နှင့် သံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖူးမြော်ကြည်ညိုကြပြီး ခေတ္တသီတင်းသုံးတော်မူမည့် ရန်ကုန်မြို့ရှိ မဟာသန္တိသုခကျောင်းတော်သို့ မော်တော်ယာဉ်များဖြင့် ကြိုဆိုပင့်ဆောင်တော်မူကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်တော်မူကြမည့် အိန္ဒိယသမ္မတနိုင်ငံ၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရလူပုဂ္ဂိုလ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကြွရောက်တော်မူလာရာ ပင့်ဆောင်ပူဇော်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ထိုင်ဝမ်၏ ကုလသမဂ္ဂဝင်ရောက်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်ကိစ္စကို အတိအလင်း ဆန့်ကျင်

နေပြည်တော် မတ် ၁၈

ကုလသမဂ္ဂသို့ ဝင်ရောက်ရေးနှင့်စပ်လျဉ်း၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ် ပြုလုပ်ရန် ထိုင်ဝမ်အာဏာပိုင်များ၏ ကြိုးပမ်းမှုအား လုံးဝဆန့်ကျင်ကြောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၇ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ (၆၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အစည်းအဝေးဘာသာရပ်အစီအစဉ်တွင် "ထိုင်ဝမ်ကိုယ်စားလှယ်ကိစ္စ" ကို နောက်ဆက်တွဲ အစီအစဉ်အဖြစ် ထည့်သွင်းရန် အဆိုပြုခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကန့်ကွက်ချက်ကို အပြည့်အဝ ထောက်ခံကြောင်းကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းက ဆန့်ကျင်ကန့်ကွက်ကြသော်လည်း ထိုင်ဝမ်အာဏာပိုင်များသည် ကုလသမဂ္ဂ ဝင်ရောက်ရေးကိစ္စ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မတ် ၂၂ ရက်တွင် ထိုင်ဝမ်အာဏာပိုင်ခေါင်းဆောင် ရွေးကောက်ပွဲနှင့် တစ်ချိန်တည်းကျင်းပရန် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပြန်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် "တရုတ်တစ်နိုင်ငံတည်းမူဝါဒ"ကို အစဉ်တစိုက်ကျင့်သုံးပြီး ထိုင်ဝမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခွဲခြားမရသော အစိတ်အပိုင်းသာဖြစ်ကြောင်းကို အစဉ်သတ်မှတ်ခံယူပါသည်။

ထိုင်ဝမ်အာဏာပိုင်များက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆက်လက်ကြိုးပမ်းခြင်းကြောင့် ထိုင်ဝမ်ရေလက်ကြားတွင် မလိုလားအပ်သောတင်းမာမှုများ ကြီးထွားလာရာမှ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိခိုက်လာနိုင်သည့်အရေးကို မြန်မာနိုင်ငံက စိုးရိမ်မိသည်။ သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ထိုင်ဝမ်၏ ကုလသမဂ္ဂဝင်ရောက်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန်ကိစ္စအပါအဝင် "ထိုင်ဝမ်လွတ်လပ်ရေး" နှင့်စပ်လျဉ်း၍ ကြိုးပမ်းလုပ်ဆောင်မှုမှန်သမျှကို အတိအလင်းဆန့်ကျင်ကြောင်း ထပ်လောင်းဖော်ပြပါသည်။ (သတင်းစဉ်)

ညောင်ပင်ရှည်ရွာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၈

စစ်ကိုင်းမြို့နယ် ဆားတောင်အုပ်စု ညောင်ပင်ရှည်ရွာ အောင်ချမ်းသာရဘုရားဝင်းအတွင်း၌ တန်ခူးလဆန်း ၁၃ ရက်မှ တန်ခူးလပြည့်ကျော် ၄ရက် (ဧပြီ ၁၈ရက်မှ ၂၄ရက်အထိ) တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ ကဝိန္ဒ(ဓမ္မာစရိယ) (ကမ္မဋ္ဌာနာစရိယ)က ဝိပဿနာတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ကံ၏ရောင်ပြန်ပဲ့တင်သံ"တရားတော်(ဒုတိယပိုင်း) [ဘဒ္ဒန္တ ပညာဝံသ(ပုပ္ပားစကားဝါမြေဆရာတော်)]
၇း၄၀-၁း၄၀	Industrial Talk [ဦးမြင့်ဆွေ၊ ဦးခင်မောင်ဝင်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၀၅-၂း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၀-၂း၃၀	အံ့ဖွယ်ထင်ရှားကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
၈း၅၀-၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅-၂း၅၅	Midweek Sports News
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	မြန်မာကြိုက်နဲ့သာဖြူပရုတ်ဆီ
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	Yangon Panorama
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	မွန်မြတ်သောအလှူ
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	နေထိုင်မှုဝင့်ကြွားအဆင့်မြင့်အိမ်ရာစီမံကိန်းများ (Central Tower)
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနဲ့ ဖူးမဝတဲ့ဆံတော်ရှင် ဦးဇိနစေတီတော်
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	လက်နှင့်ပြုလုပ် ပြင်ဦးလွင်အုတ်
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "တကူးကူးကူ"တေးစီးရီးမိတ်ဆက်
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	International Video Topics (ပြိုင်ပွဲဝင် စက်ရုပ်များ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Tottenham-Chelsea	ESPN(Live)
၂း၂၄	Man Utd-Bolton	Star Sports(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၄၅	Lazio-Roma	5-Cartoon(Live)

* ရှေ့ဖုံးမှ

ဟံသာဝတီကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့နယ်ရှိ ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ်ရှိ တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးတို့၏ ရေချိုရေငန် ငါးမျိုးစုံအရောင်းဆိုင်များ၊ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူအရောင်းဆိုင်များ၊ ပုဂ္ဂလိကများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန်ငါးမျိုးစုံ၊ နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် သားငါးများကို လွယ်လင့်တကူ တိုက်ရိုက်ဝယ်ယူနိုင်ရေး၊ စားသုံးသူပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် ပစ္စည်းအမယ်မျိုးစုံကို စုံစုံလင်လင် တိုးချဲ့ခင်းကျင်းရောင်းချရေး၊ စားသုံးသူများ၏ လက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချရေး၊ အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

စိတ်ဝင်စားဖွယ် စက်ရုပ်သတင်းစုံလင်စွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၁၈

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၁၂)တွင် "လိင်စိတ် မူမမှန်မှုများနှင့် ပတ်သက်၍ ဆေးပညာရှင်၊ စိတ်ပညာရှင်များ၏ ကျန်းမာရေးပညာပေး အထူးသုံးသပ်ဆောင်းပါး"၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်က မြန်မာကို အေးချမ်းပြီး စည်းစနစ်ကျသောနိုင်ငံအဖြစ်ချီးကျူး၊ နိုင်ငံပိုင်စက်ရုံများ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန်အသင့်ရှိဟု ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ပြောကြား၊ မဟာမဲခေါင်ဒေသ သတင်းအချက်အလက် အမြန်ဆက်ကြောင်းစီမံကိန်း မြန်မာ-တရုတ် ဖိုက်ဘာဆက်ကြောင်း တည်ဆောက်ပြီးစီး၊ နိုင်ငံတကာဆိပ်ကမ်းဖြစ်လာမည့် ကုလားတန်မြစ်ဝှမ်းစီမံကိန်း အိန္ဒိယက ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမည်၊ ဂွမ်မင်း နေ့စဉ်တရုတ်သတင်းစာကြီး ရန်ကုန်တွင် ရုံးခွဲဖွင့်၊ မန္တလေး စီးတီးအက်ဖ်အမ် ဧပြီလဆန်းတွင် စတင်ထုတ်လွှင့်တော့မည်၊ အင်တာနက်ဆက်သွယ်မှု နှေးကွေးရခြင်းအကြောင်းရင်း၊ ဂျီအက်စ်အမ် Voice Mail ကို Virtual နံပါတ်ဖြင့် ယခုနှစ်မကုန်မီ သုံးစွဲနိုင်တော့မည်၊ ဆရာကြီးမင်းသိခ် ကျန်းမာရေးအခြေအနေ၊ မေဆွိ သေ၊ မသေ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ပရဟိတ"အကြောင်း စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာ နောက်ဆုံးစက်ရပ်သတင်းများဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာဆက်ဆံမှုများကို လှုံ့ဆော်နိုင်သည့် အဓိကအချက် စင်ကာပူသမ္မတထောက်ပြ၊ ၈၆နှစ်အရွယ်ရှိ နာဇီစစ်ရာဇဝတ်ကောင် ထောင်ဒဏ်မှ ရှောင်တိမ်းနေဆဲဖြစ်၊ ဆီယာရာလီယွန်တွင် တူးဖော်ရရှိသည့်စိန်ကြီး ပြည်ပခိုးထုတ်၊ မျိုးချစ်စိတ်ဖော်ကျူးသည့် သစ္စာခံကျိန်ဆိုမှုအစီအစဉ် တိုင်ပင်ခြင်းမပြု၍ ဘရောင်းကို ဘုရင်မကြီးအမျက်ထွက်၊ ဆော်ပိုလိုမြို့ဆင်းရဲသားရပ်ကွက်၌ ဇီဒန်းက ဘောလုံးကစားကွင်းဖွင့်၊ တရုတ်သမ္မတအဖြစ် ဟူကျင်တောင် ပြန်လည်အရွေးခံရ၊ သွားကျန်းမာရေးလေ့လာချက်တွင် လုဘ်ဘောက်မြို့သည် အနိမ့်ဆုံးအဆင့်ရှိ၊ သက်ကြီးရွယ်အိုများကို ဆေးထိုးသတ်ဖြတ်ခဲ့သော သူနာပြုလူသတ်သမားအကြောင်း၊ နိုင်ငံတကာမှုခင်းရေးရာ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်၊ ရင်တမမအားပေးကြရဦးမည့် ပရီမီယာလိဂ် ပွဲစဉ်(၃၁) အားကစားသုံးသပ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)



ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သောနေရာတွင် ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေသည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဗြိတိန် အာဏာရလေဘာပါတီ ထောက်ခံမှု အနိမ့်ဆုံးသို့ကျဆင်း

လန်ဒန် မတ် ၁၇

အင်္ဂလန်နိုင်ငံ၏ လက်ရှိအာဏာရ လေဘာပါတီအပေါ် ထောက်ခံမှုနှုန်းထားသည် ၁၉၈၃ ခုနှစ်မှစ၍ ကြည့်လျှင် အနိမ့်ဆုံးအဆင့်သို့ လျော့ကျသွားကြောင်း လေ့လာမှုစစ်တမ်းတစ်စောင်က တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အင်္ဂလန်လူထုက အစိုးရအဖွဲ့၏ စီးပွားရေး ကိုင်တွယ်မှု အရည်အချင်းအပေါ် စိုးရိမ်သောကများ များလာသည့်အတွက် လေဘာပါတီအပေါ် ထောက်ခံမှုနှုန်းသည် ၂၇ ရာခိုင်နှုန်းသို့ ဆင်းသွားပြီး အတိုက်အခံ ကွန်ဆာဗေးတစ်တို့အပေါ် ထောက်ခံမှု ၁၆ ရာခိုင်နှုန်း ပိုမိုများပြားသွားရခြင်းဖြစ်သည်ဟု ဆန်းဒေးတိုင်း သတင်းစာက ရေးသားသည်။ အကယ်၍သာ ယခုစစ်တမ်းတွင် လေ့လာတွေ့ရှိရသောအခြေအနေအတိုင်းသာ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာပါက ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဒေးဗစ်ကင်မရွန်သည် ရွေးကောက်ပွဲတွင် အောက်လွှတ်တော်၌ အမတ်နေရာ အများစုကို ရရှိကာ အနိုင်ရရှိသွားမည်ဖြစ်သည်။ ထိုအခါ ဘဏ္ဍာရေးဝန်ကြီး အလစ်တေရာ ဒါလင် အပါအဝင် ဝန်ကြီးများသည် ရာထူးစွန့်လွှတ်ကြရဖွယ်ရှိသည်။

ပျက်ပြားလာ

လေ့လာမှုစစ်တမ်းအရ ကွန်ဆာဗေးတစ်တို့၏ အသာရရှိလာရသည့်အကြောင်းရင်းမှာ ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းနှင့် ဒါလင်၏ စီးပွားရေးဦးဆောင်မှုအပေါ် ယုံကြည်မှု ပျက်ပြားလာခြင်းကြောင့်ဟု တွေ့ရှိရသည်။ လေ့လာရေးစစ်တမ်းတွင် ပြန်လည်ဖြေကြားသူ ၈၃ ရာခိုင်နှုန်းက အင်္ဂလန်၏စီးပွားရေးသည် နောက်ထပ် ၁၂ လကျော် နေးကွေးနေပြီး အရောင်းအဝယ်ထိုင်းမှိုင်းနေမည်ဟု ယုံကြည်သည်။

၂၁ ရာခိုင်နှုန်းကသာ ၎င်းတို့၏ မိသားစု လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာရေးမှာ ကွန်ဆာဗေးတစ်ထက် လေဘာကို ယုံကြည်ကြောင်း ဖြေကြားသည်။

သံသယဝင်

ဘဏ္ဍာရေးဝန်ကြီး ဒါလင်၏ အခွန်ကောက်ခံခြင်းဆိုင်ရာ နည်းလမ်းများအား ကျယ်ပြန့်စွာ သံသယဝင်နေသည်။ အစိမ်းရောင် အခွန်ကောက်ခြင်းဟုခေါ်သော သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေသည့် ကားများနှင့် လေယာဉ်များအပေါ် အခွန်ကောက်ခံခြင်းသည် လိမ်ညာမှုတစ်ခုအဖြစ် ဖြေကြားသူ ၇၄ ရာခိုင်နှုန်းက ရှုမြင်သည်။ ၈၅ ရာခိုင်နှုန်းကမူ အရက်အပေါ် အခွန် တိုးမြှင့်ကောက်ခံခြင်းသည် မူးယစ်သောက်စားခြင်းကို လျော့နည်းအောင် မစွမ်းဆောင်နိုင်ကြောင်း ဖြေကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူကရိန်းက ရုရှားထံမှ သဘာဝဓာတ်ငွေ့ နှစ်ရှည်စာချုပ်ဖြင့် ဝယ်ယူရန် ဆန္ဒရှိ

ကိဗ်ယက် မတ် ၁၇

ယူကရိန်းနှင့်ရုရှား နှစ်နိုင်ငံတို့သည် လောင်စာစွမ်းအင်ကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော အငြင်းပွားမှုကို မကြာသေးမီက ဖြေရှင်းနိုင်ခဲ့ကြသည်။ ယင်းနောက်ပိုင်းတွင် ရုရှားနိုင်ငံ၏ ဂက်စ်ပရွမ်းကုမ္ပဏီမှတစ်ဆင့် သဘာဝဓာတ်ငွေ့များကို နှစ်ရှည်စာချုပ်ချုပ်ဆို၍ ဝယ်ယူသွားရန် ယူကရိန်းနိုင်ငံက ကြိုးပမ်းလျက်ရှိကြောင်း ဝန်ကြီးချုပ် ယူလီအာအာတီမိုရှင်ကိုက မတ် ၁၄ ရက်တွင် ပြောကြားသည်။

ယူကရိန်းနိုင်ငံနှင့် ရုရှား၏ ဂက်စ်ပရွမ်ကုမ္ပဏီတို့အကြား ၂၀၀၈ ခုနှစ်အတွက် ဓာတ်ငွေ့ရောင်းချရေးစာချုပ်ကို မတ် ၁၃ ရက်က လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုစာချုပ်တွင် ပေးပို့ရမည့် ပမာဏနှင့် ဈေးနှုန်းများကို ဖော်ပြထားသည်။ ရုရှားမှ ဥရောပနိုင်ငံများသို့ ပေးပို့သော ဓာတ်ငွေ့ပိုက်လိုင်းသည် ယူကရိန်းမှတစ်ဆင့် ဖြတ်သန်းသွားရသည်။ ရုရှားနှင့် ယူကရိန်း ဓာတ်ငွေ့ရောင်းချရေးကိစ္စ အဆင်မပြေလျှင် ဥရောပလောင်စာ ရရှိရေးလည်း ထိခိုက်နိုင်သည်။ သို့သော် ယခုအခါ ရုရှားနှင့် ယူကရိန်း အကြားဓာတ်ငွေ့ကိစ္စ အဆင်ပြေသွားပြီဖြစ်၍ ဥရောပနိုင်ငံများလည်း စိတ်အေးရပြီဖြစ်သည်။ ဥရောပနိုင်ငံများသည် လောင်စာအတွက် ရုရှား ဓာတ်ငွေ့အပေါ် ၂၅ ရာခိုင်နှုန်း မှီခိုနေရသည်။

လောင်စာစွမ်းအင်စိတ်ချစွာရရှိရေးနှင့် ဈေးနှုန်းအာမခံချက်ရရှိစေရန် မိမိတို့အနေဖြင့် ရုရှားနိုင်ငံနှင့် သုံးနှစ်မှ ငါးနှစ်အထိ သက်တမ်းရှိသော နှစ်ရှည်စာချုပ် ချုပ်ဆိုလိုသည်။ ဖြစ်နိုင်လျှင် ဓာတ်ငွေ့ရောင်းချရေးစာချုပ်ကို ၁၀ နှစ်သက်တမ်းအထိ ချုပ်ဆိုထားလိုသည်ဟု ဝန်ကြီးချုပ် တီမိုရှင်ကိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မတ် ၁၃ရက်ကချုပ်ဆိုသော စာချုပ်အရ ဂက်စ်ပရွမ်ကုမ္ပဏီသည် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၀၀၀ ကို အမေရိကန်ဒေါ်လာ ၁၇၉ ဒသမ ၅ ဒေါ်လာ နှုန်းဖြင့် ဓာတ်ငွေ့ ၅၀ ဘီလီယံကုဗမီတာကို ၂၀၀၈ ခုနှစ်ကုန်အထိ ပေးပို့သွားရမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ယူကရိန်းသည် ရုရှားဓာတ်ငွေ့ကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနေဆဲဖြစ်သည်။ ဂက်စ်ပရွမ်ကုမ္ပဏီက ဥရောပနိုင်ငံများမှ ကောက်ခံနေသောဓာတ်ငွေ့ဈေးနှုန်းသည် ဓာတ်ငွေ့ ကုဗ မီတာ ၁၀၀ လျှင် အမေရိကန်ဒေါ်လာ ၃၈၀ နှုန်းရှိသည်။

အမ်အင်အေ၊ရိုက်တာ။

လန်ဒန်မြို့တော်ဝန် လျှို့ဝှက်အလှူငွေလက်ခံ

လန်ဒန် မတ် ၁၇

မေလရွေးကောက်ပွဲတွင် မြို့တော်ဝန်အဖြစ် တတိယအကြိမ် အရွေးခံရရေး ကြိုးပမ်းနေသော လန်ဒန်မြို့တော်ဝန် ကင်းလစ်ဗင်းစတုန်းသည် ဆောက်လုပ်ရေးကန်ထရိုက်တာတစ်ဦးထံမှလျှို့ဝှက်အလှူငွေများ လက်ခံခဲ့သည်ဟု စွပ်စွဲခံရသည်။

၂၀၀၄ ခုနှစ်တွင် ဆောက်လုပ်ရေးသူဌေး ဂျီရယ်ရန်ဘွန်သည် ပေါင် ၄၉၉၀ (အမေရိကန်ဒေါ်လာ ၉၉၈၀)ကို စတုန်းသို့ လှူဒါန်းခဲ့ကြောင်း၊ ထိုနှစ်တွင် စတုန်းသည် လန်ဒန်မြို့တော်ဝန်အဖြစ် အရွေးခံခဲ့ရကြောင်း တိုင်းမ်ဝက်ဘ်ဆိုက် သတင်းအရ သိရှိရသည်။

အင်္ဂလန်တွင် နိုင်ငံရေးပါတီများသို့ လှူဒါန်းငွေသည် ပေါင် ၅၀၀၀ ရှိလျှင် ရွေးကောက်ပွဲကော်မရှင်သို့ စည်းကမ်းနှင့်အညီ လူသိရှင်ကြား စာရင်းပေးရသည်။

လစ်ဗင်းစတုန်းရရှိသော အလှူငွေသည် သတ်မှတ်ထားသော ငွေပမာဏ၏အောက် ပေါင်တစ်ဆယ်နည်းနေသည်။

အတိုက်အခံပါတီက လစ်ဗင်းစတုန်းသည် အလှူရှင်များ၏ အမည်နာမကို လျှို့ဝှက်ထားနိုင်ရန် ဟာကွက်ဖြစ်နေသော စည်းမျဉ်းကို အသုံးချပြီး ၎င်းဆောက်လုပ်ရေး ကန်ထရိုက်တာ၏ ၂၀၂ မီတာမြင့်သော မိုးမျှော်အဆောက်အအုံ ဆောက်လုပ်ရေး စီမံကိန်းကို ထောက်ခံခဲ့သည်ဟု စွပ်စွဲသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်းကျန်းအူဂါရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဥမင်ဖောက်လုပ်ရေးလုပ်ငန်းခွင်၌ နှင်းတောင်ပြိုကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များအား မတ် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကင်ညာတွင် လုံဒဏ်ရာဖြင့် ခြင်္သေ့သုံးကောင်သေဆုံး မျိုးသုဉ်းမည့်အန္တရာယ် စိုးရိမ်ပူပန်နေရ

နိုင်ရိုဘီ မတ် ၁၆

ကင်ညာနိုင်ငံ အမ်ဘိုဆီလီ အမျိုးသားဥယျာဉ်အတွင်းရှိ ခြင်္သေ့သုံးကောင်မှာ လုံဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည့်အတွက် ခြင်္သေ့ကြီးများ မျိုးသုဉ်းမည်ကို ပူပန်နေရကြောင်း ကင်ညာတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာန (ကေဒဗလျူအက်စ်)က ပြောကြားသည်။

အဆိုပါ ခြင်္သေ့များ သေဆုံးမှုနှင့်ပတ်သက်၍ ငါးဦးကို ဖမ်းဆီးထားကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူ ပက်ထရစ်အိုမွန်ဒီက ပြောကြားသည်။

ခြင်္သေ့များသည် မာဆာအီလူမျိုးများ မွေးမြူထားသော နွားများကို သတ်ဖြတ်စားသောက်သည့်အတွက် ထိုလူမျိုးစုများက ခြင်္သေ့များကို ပြန်လည်တိုက်ခိုက်သတ်ဖြတ်ခြင်းဖြစ်သည်ဟု ကေဒဗလျူအက်စ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နှစ်ပေါင်း ၇၀ နီးပါး ပျောက်ဆုံးနေသော ဩစတြေးလျရေတပ်၏ ဒုတိယကမ္ဘာစစ် တိုက်ပွဲဝင်သင်္ဘော ပြန်တွေ့

ကင်ဘာရာ မတ် ၁၈

ဩစတြေးလျနိုင်ငံ၏ ရေတပ်စစ်သမိုင်းတွင် ပဟေဠိဆန်စွာပျောက်ဆုံးနေသော ခရူဇာစစ်သင်္ဘောပျက်ကို တွေ့ရှိပြီဖြစ်ကြောင်း မတ် ၁၇ ရက်က ထွက်ပေါ်လာသောသတင်းတွင် ဖော်ပြသည်။

ပျောက်ဆုံးသွားသော စစ်သင်္ဘော အိတ်ချ်အမ်အေအက်စ် ဆစ်ဒနီသည် ဩစတြေးလျနိုင်ငံ အနောက်ဘက် ကမ်းခြေအနီးတွင် ဂျာမန်တို့၏ ပုံဖျက်ထားသော လက်နက်တပ်ဆင်ထားသည့် ကုန်သွယ်ရေကြောင်းသင်္ဘောနှင့် နာဇီဝက်ကြာတိုက်ပွဲဖြစ်ပွားပြီးနောက် ပျောက်ဆုံးသွားခဲ့သည်။

ယင်းဩစတြေးလျစစ်သင်္ဘောမှာ သင်္ဘောသား ၆၄၅ ဦးနှင့်အတူ လုံးဝအစရှာမရအောင် ပျောက်ဆုံးနေခဲ့ရာမှ ၆၆ နှစ်အကြာတွင် သင်္ဘောပျက်ကို ပြန်လည်တွေ့ရှိခြင်းဖြစ်သည်။ ထိုသင်္ဘောသည် ၁၉၄၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှစ၍ ပျောက်ဆုံးသွားကြောင်း သိရသည်။

ဆစ်ဒနီခရူဇာ တိုက်သင်္ဘောကို ပြန်တွေ့ရခြင်းသည် ဩစတြေးလျသမိုင်းတွင် မှတ်တမ်းတင်ရမည့်နေ့ဖြစ်သကဲ့သို့ ဝမ်းနည်းဖွယ်နေ့တစ်နေ့လည်းဖြစ်သည်။ အကြောင်းမှာ ထိုသင်္ဘောနှင့်အတူ ဩစတြေးလျရေတပ်သား ၆၀၀ ကျော်တို့ အသက်ပေးခဲ့ကြရသောကြောင့် ဖြစ်သည်ဟု ဝန်ကြီးချုပ် ကီဗင်ရဒ်က ပြောကြားသွားသည်။

အမ်အင်အေ၊ရိုက်တာ။

အီဂျစ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွား သေဆုံးသူ ၂၃ ဦးအထိ တိုးလာ

ကိုင်ရို မတ် ၁၇

အီဂျစ်နိုင်ငံမြောက်ပိုင်း၌ ဖြစ်ပေါ်သော မော်တော်ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူအရေအတွက်သည် ၂၃ဦးအထိ တိုးမြင့်လာကြောင်း မတ် ၁၆ရက်တွင် ရရှိသော ရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။

အခင်းဖြစ်ပွားမှုမှာ မြို့တော်ကိုင်ရိုနှင့်အလက်ဇန္ဒြီးယားမြို့တို့ ဆက်သွယ်ထားသော လမ်းမပေါ်၌ ဖြစ်ပွားခြင်းဖြစ်သည်။ တနင်္ဂနွေနေ့ညနေပိုင်းတွင် ရဲတပ်ဖွဲ့သယ်ယူပို့ဆောင်ရေးယာဉ်နှင့် အခြားထရပ်ကားတို့ တိုက်မိခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူက ပြောကြားသည်။ အစောပိုင်း ရရှိလာသောသတင်းတွင် ရဲအများစုပါဝင်သော လူ ၁၅ ဦး သေဆုံးပြီး အခြား ၂၀ ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ဒဏ်ရာရသွားသူများအနက် ရှစ်ဦးမှာ အခြေအနေဆိုးရွားသည့်အတွက် ဆေးရုံ၌ သေဆုံးသွားပြီး ကျန်လူများမှာ ဆေးဝါးကုသမှုဆက်လက်ခံယူလျက်ရှိသည်။

မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို ချက်ချင်းမသိရသေးပေ။ ယာဉ်အန္တရာယ်များသည် အီဂျစ်နိုင်ငံ၌ အဖြစ်များသော မတော်တဆမှုအမျိုးအစားဖြစ်ပြီး နှစ်စဉ် ထိုဖြစ်ရပ်ကြောင့် လူ ၆၀၀၀ခန့် ပျမ်းမျှအားဖြင့် သေဆုံးရ ကြောင်း ရဲတပ်ဖွဲ့စာရင်းအင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်အရေးနှင့်စပ်လျဉ်း၍ အိုဘားမားနှင့်မက်ကိန်းတို့အား ကလင်တန်တိုက်ခိုက်

ဝါရှင်တန် မတ် ၁၈

ဒီမိုကရက်တစ်ပါတီမှ အမေရိကန်သမ္မတဖြစ်ရန် မျှော်လင့်ထားသော ဟီလာရီကလင်တန်သည် တနင်္လာနေ့က နိုင်ငံကို နှစ်ပိုင်းကွဲသွားစေနိုင်သော ပြဿနာနှင့်စပ်လျဉ်း၍ ဒီမိုကရက်တစ်ပါတီမှ အိုဘားမားနှင့် ရီပတ်ဘလီကန်မှ ဂျွန်မက်ကိန်းတို့အား ဝေဖန်တိုက်ခိုက်ပြောကြားလိုက်ခြင်းဖြင့် ၎င်း၏ မဲဆွယ်လှုပ်ရှားမှုတွင် အီရတ်စစ်ပွဲကို ရှေ့တန်းသို့ တင်လိုက်ပြီဖြစ်သည်။

ဟီလာရီ ကလင်တန်နှင့် ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီမှ အထက် လွှတ်တော်အမတ် အိုဘားမား မိန့်ခွန်းပြောကြားနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်အရေးမူဝါဒ

နယူးယောက် အထက်လွှတ်တော်အမတ် သမ္မတကတော်ဟောင်း ကလင်တန်သည် အီရတ်၌ တပ်စွဲထားသော စစ်သည်များ လုံလောက်စွာအနားယူနိုင်ရေး၊ အီရတ်အရေးတွင် ကုလသမဂ္ဂ ပိုမိုပါဝင်လာရန် ဖိအားပေးရေးနှင့် ယင်းဒေသတည်ငြိမ်ရေးကို အကူအညီပေးမည့် မိတ်ဆွေရရှိရေး ဟူ၍ ၎င်း၏ အီရတ်အရေးမူဝါဒကို ချပြလိုက်သည်။

အီရတ်တွင်ရှိနေသော စစ်သည်များကို အန္တရာယ်ကင်းရှင်းစွာ အိမ်ပြန်ခေါ်နိုင်ခြင်းသည် ရှုံးနိမ့်ခြင်းမဟုတ်ကြောင်း၊ အီရတ်တွင်နှစ်ပေါင်း ၁၀၀ တပ်စွဲထားခြင်းသည်သာ ရှုံးနိမ့်ခြင်းဖြစ်ကြောင်း ကလင်တန်က ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

မက်ကိန်းသည် အမေရိကန်ကွန်ဂရက် ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် အီရတ်နိုင်ငံသို့ ခရီးသွားနေစဉ် ကလင်တန်က မိန့်ခွန်းပြောကြားခြင်းဖြစ်သည်။

အိုဘားမားသည် အကြိုရွေးကောက်ပွဲမစတင်မီအထိ အီရတ်စစ်ပွဲ အဆုံးသတ်ရေးကို မပြောကြားခဲ့ကြောင်း ကလင်တန်က စွပ်စွဲလိုက်သည်။

အိုဘားမားသည် အီရတ်စစ်ပွဲပြီးဆုံးရေးကို မကြာခဏ ပြောကြားကြောင်း၊ ယင်းကိစ္စကို သဘောတူကြောင်း၊ သို့သော် မိန့်ခွန်းပြောနေခြင်းဖြင့် စစ်ကို မပြီးဆုံးစေနိုင်ကြောင်း၊ မဲဆွယ်စဉ်ပေးသည့် ကတိများသည် စစ်ကို အဆုံးမသတ်နိုင်ကြောင်းဖြင့် ကလင်တန်က အိုဘားမားအား တိုက်ခိုက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရီပတ်ဘလီကန်ပါတီမှ အထက်လွှတ်တော် ဂျွန်မက်ကိန်းနှင့် ၎င်း၏ ဇနီးတို့အား မဲဆွယ်ပွဲတစ်ခုတွင် တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန် ၎င်းအား ထောက်ခံသူများကို နှုတ်ဆက်နေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နေတိုးမော်တော်ယာဉ်တန်း အသေခံဗုံးဖောက်ခွဲခံရ အာဖဂန်နစ္စတန် အရပ်သားနှစ်ဦး သေဆုံး

ခို့စ်(အာဖဂန်နစ္စတန်) မတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်းတစ်ခု အသေခံဗုံး ဖောက်ခွဲခံရသဖြင့် အာဖဂန်နစ္စတန်အရပ်သားနှစ်ဦး သေဆုံးကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ခို့စ်မြို့အပြင်ဘက်ရှိ လမ်းမပေါ်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားသဖြင့် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အာဖဂန်တွင်ရှိသည့် ပြည်ပတပ်ဖွဲ့ဝင်များတွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် အများဆုံးဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် ကလေးငယ်တစ်ဦးနှင့် သက်ကြီးရွယ်အိုတစ်ဦးတို့ သေဆုံးခဲ့ပြီး အခြားအရပ်သားသုံးဦးဒဏ်ရာရရှိခဲ့သည်ဟု မန်ဒိုဇိုင်ခရိုင် အကြီးအကဲ ဒေါလတ်ကေယူမီက ပြောကြားသည်။ အာဖဂန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်နှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည်ထကြွလာလျက်ရှိရာ ၂၀၀၁ခုနှစ်တွင် တာလီဘန်အစိုးရပြုတ်ကျခဲ့ပြီးသည့်နောက် သေဆုံးမှုအများဆုံးဖြစ်ပွားခဲ့သည့် ကာလဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒေးဗားလွှန်းပြန်အာကာသယာဉ်မှ အာကာသယာဉ်မှူးများ စက်ရုပ်တပ်ဆင်ရန် နိုင်ငံတကာအာကာသစခန်းမှ အပြင်ဘက်သို့ထွက်၍ လုပ်ဆောင်

ဟူစတန် မတ် ၁၇

အာကာသလွှန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦးသည် ပြုပြင်ထိန်းသိမ်းရေးစက်ရုပ်တစ်ရုပ် တပ်ဆင်ရန်အတွက် နိုင်ငံတကာအာကာသစခန်းယာဉ် အပြင်ဘက်သို့ စနေနေ့က ထွက်ခဲ့ပြီး ဂျပန်နိုင်ငံမှ အသစ်ရောက်ရှိလာသည့် အာကာသဓာတ်ခွဲခန်းအတွင်း ပစ္စည်းကိရိယာတပ်ဆင်ခဲ့သည်။

၁၆ ရက်ကြာ

အင်ဒေးဗားအာကာသလွှန်းပြန်ယာဉ်၏ ၁၆ ရက်ကြာ အာကာသခရီးစဉ်အတွင်း ဒုတိယမြောက် အာကာသအတွင်း လမ်းလျှောက်ရန် သတ်မှတ်ထားသည့်အတိုင်း စတင်ဆောင်ရွက်ရန်အတွက် ဂရင်းနစ်စံတော်ချိန် ညနေ၈နာရီတွင် အာကာသယာဉ်မှူး ရစ်ချတ်လင်နီဟန်နှင့် အာကာသယာဉ်မှူး မိုက်ကယ် ဖိုမန်တို့သည် အာကာသစခန်း၏ လေလုံခန်းမှ ထွက်ခွာခဲ့ကြသည်။

ဖိုမန်က အာကာသစခန်းအပြင်ဘက်သို့ထွက်ပြီး အာကာသအတွင်း ပထမအကြိမ်အဖြစ် လမ်းလျှောက်ခဲ့ရာ ကမ္ဘာမြေပြင်အထက် မိုင် ၂၀၀ ကျော် ရှုခင်း၏ အံ့သြဖွယ်အလှအပကို တွေ့ရှိရသည်ဟု ဆိုသည်။

လုပ်ငန်းများဆောင်ရွက်

အဆိုပါ အာကာသလွှန်းပြန်ယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းရှိ အာကာသစခန်းသို့ ဗုဒ္ဓဟူးနေ့က ဆိုက်ရောက်လာပြီး ၁၂ ရက်ကြာ တည်ဆောက်မှုနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

နာဆာအဖွဲ့က ယခုနှစ်အတွင်း ယင်းအာကာသစခန်းသို့ ငါးကြိမ်သွားရောက်ရန် စီစဉ်ထားသည်။

ကနေဒါနိုင်ငံလုပ် ဒက်စတာ အမည်ရှိ စက်ရုပ်တွင် ၃ ဒသမ ၄ မီတာရှိ လက်တံများကို စနေနေ့က အာကာသ၌ ခုနစ်နာရီကြာ တပ်ဆင်ကြမည်ဟု အာကာသစခန်း ပျံသန်းရေးဆိုင်ရာ ညွှန်ကြားရေးမှူး ဂျင်ဂျာကာရစ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားမှပေးပို့သော ကြက်ငှက်တုပ်ကွေးပိုးနမူနာကို သုံး၍ အမေရိကန်က ဇီဝလက်နက်ထုတ်နိုင်ကြောင်း စွပ်စွဲချက်ငြင်းဆို

ဂျကာတာ မတ် ၁၈

အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)သို့ပေးပို့သည့် ကြက်ငှက်တုပ်ကွေးပိုးနမူနာများကိုအခြေပြု၍ ဇီဝလက်နက်များ ထုတ်လုပ်နေသည့်စွပ်စွဲချက်ကို အမေရိကန်အစိုးရက ငြင်းဆိုလိုက်ကြောင်း ဂျကာတာပို့စ်သတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။

ရှင်းလင်းပြောကြား

အမေရိကန်အနေဖြင့် ပိုးမွှားလက်နက်တီထွင်မှု၊ ထုတ်လုပ်မှု၊ စုပြုံသိုလှောင်မှု သို့တည်းမဟုတ် အဆိပ်ပစ္စည်းများမှ လက်နက်ထုတ်လုပ်ရန်နှင့် ရောဂါကာကွယ်ဆေးထုတ်လုပ်ရန် ကြိုးပမ်းမည်မဟုတ်ဘဲ မည်သည့်နည်းလမ်းများဖြင့်မဆို ဖြန့်ချိမှုလည်းပြုလုပ်မည်မဟုတ်ဟု အင်ဒိုနီးရှားရှိ အမေရိကန်သံရုံးမှ ပြည်သူ့ရေးရာဌာနမှ အကြံပေးပုဂ္ဂိုလ် မိုက်ကယ် အိပ်ချ်အန်ဒါဆင်က ရှင်းလင်းပြောကြားသည်။ အမေရိကန်က လော့စ်အလာမိုစ်ဓာတ်ခွဲခန်းတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးနမူနာကို အင်ဒိုနီးရှားမှယူ၍ ဇီဝလက်နက်ထုတ်လုပ်နိုင်သည်ဟု အင်ဒိုနီးရှား ဇီဝကာကွယ်ရေး သုတေသနမှ အစ်စရီဆာမီဟတ်ဂျိုက ပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ကြီး ဖီဒီလာဆူပါရီ၏ စာအုပ်နှင့်ပတ်သက်၍ အစည်းအဝေးတစ်ရပ်တွင် အစ်စရီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာရေးရာ သတင်းများ

ကမ္ဘာတစ်ဝန်းမြို့ကြီးများ၌ အီရတ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြ

ပေကျင်း မတ် ၁၈

ကမ္ဘာတစ်ဝန်းရှိ ပြည်သူများက မြို့ကြီးများအသီးသီးရှိ လမ်းမများပေါ်တွင် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်မှုအပေါ် ဆန့်ကျင်ဆန္ဒပြကြကြောင်း ပေကျင်းသို့ရောက်ရှိလာသည့် သတင်းများအရ သိရှိရသည်။

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တွင် လူ ၂၀၀၀ ခန့်သည် သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်အား ရှုတ်ချကြောင်းရေးသားထားသည့် စာတန်းများကိုင်ဆောင်ပြီး အီရတ်စစ်ပွဲအဆုံးသတ်ရန် တိုက်တွန်းကာ ချီတက်ဆန္ဒပြကြသည်။

လန်ဒန်

လန်ဒန်တွင် ဆန္ဒပြသူ ၁၀၀၀၀ ခန့်သည် မြို့အတွင်း စုရုံးကာ အီရတ်စစ်ပွဲ ငါးနှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်ဟု လန်ဒန်ရဲတပ်ဖွဲ့ကပြောကြားသည်။

ဆန္ဒပြသူများက ဗြိတိသျှအစိုးရအား အီရတ်နှင့် အာဖဂန်နိုင်ငံမှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် နှိုးဆော်ကြသည်။

ကျင်းပခဲ့

အလားတူ ဆန္ဒပြပွဲများကို စကော့တလန်နိုင်ငံ ဂလပ်စကို၊ ဆွီဒင်နိုင်ငံ စတော့ဟုမ်း၊ နော်ဝေနိုင်ငံအော့စလိုနှင့် ဒိန်းမတ်နိုင်ငံ အယ်လ်ဘော့ဒေသများတွင်လည်း ကျင်းပခဲ့သည်။

အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားသည့် တပ်ဖွဲ့ဝင်များအား သက်တမ်းတိုးချဲ့စေမည့် ကနေဒါပါလီမန်၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ကနေဒါပြည်သူ ၁၀၀၀ ခန့်သည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နှင့်ဆီးရီးယားနယ်စပ်၌ အသေခံဗုံးဖောက်ခွဲ

ဘဂ္ဂဒက် မတ် ၁၇

အီရတ်နှင့်ဆီးရီးယား နယ်စပ်ဖြတ်ကျော်ဂိတ်တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ စကားပြန်တစ်ဦးသေဆုံးပြီး အမေရိကန်နိုင်ငံသားနှစ်ဦး အပါအဝင် ခြောက်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က မတ် ၁၅ ရက်တွင် ပြောကြားသည်။

မိုဆူးလ်မြို့ အနောက်မြောက်ပိုင်း ကီလိုမီတာ ၁၂၀ အကွာ ရာဘီရက်ချ်နယ်စပ်ဂိတ်တွင် ဗုံးများတပ်ဆင်ထားသည့် အသေခံဗုံးဖောက်ခွဲရေးသမားသည် နယ်စပ်ကိုဖြတ်ကျော်ရန် ကြိုးစားရာ၌ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး၊ အမေရိကန်ကာကွယ်ရေးဌာနတွင် တာဝန်ထမ်းနေသူနှစ်ဦးနှင့် အကောက်ခွန်ဌာနမှ ဝန်ထမ်းနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုဖြစ်စဉ်ကို ဆက်လက်စုံစမ်းလျက်ရှိသည်ဟု သတင်း၌ ဖော်ပြထားသည်။ မိုဆူးလ်မြို့သည် ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၄၀၀အကွာတွင်ရှိပြီး ထိုဒေသသည် ၂၀၀၃ခုနှစ် အမေရိကန်တို့ အီရတ်ကို ကျူးကျော်တိုက်ခိုက်ချိန်ကတည်းက ခုခံဆန့်ကျင်မှုအများဆုံးနယ်မြေဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အစ္စရေးနိုင်ငံတွင်းသို့ ပါလက်စတိုင်းတို့ ဒုံးကျည်ဖြင့် ပြန်လည်ပစ်ခတ်

ဂါဇာ မတ် ၁၈

အစ္စရေးနိုင်ငံတောင်ပိုင်းရှိ မြို့များဆီသို့ ပါလက်စတိုင်း စစ်သွေးကြွများက လက်လုပ်ဒုံးကျည်များဖြင့် မတ် ၁၆ ရက်က ပစ်ခတ်ခဲ့သော်လည်း အသေအပျောက် တစ်စုံတစ်ရာမရှိကြောင်း သတင်းက ဖော်ပြသည်။

ပါလက်စတိုင်း လွတ်မြောက်ရေးပေါ်ပြူလာတပ်ဦးအဖွဲ့သည် ဒုံးကျည်တစ်စင်းဖြင့် ဆီဒါရော့ဒ်မြို့သို့ ပစ်ခတ်ခဲ့ကြောင်း ၎င်းတို့အဖွဲ့ကထုတ်ဝေသော လက်ကမ်းလွှာတွင်ရေးသားထားသည်။

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသနေ ပါလက်စတိုင်းပြည်သူများအပေါ် ကျူးကျော်သူအစ္စရေးတို့က လုပ်ဆောင်သည့် ပြစ်မှုများ မရပ်မချင်း လက်စားချေ တုံ့ပြန်တိုက်ခိုက်မှုများလည်း ရပ်စဲမည်မဟုတ်ကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

ပါလက်စတိုင်းစစ်သွေးကြွများသည် ဆီဒါရော့ဒ်မြို့နှင့် အက်ချ်ကီလွန်မြို့များသို့လည်း ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။ ဂါဇာတွင် မတ် ၁၅ ရက်က အစ္စရေးတို့လက်ချက်ဖြင့် သေဆုံးရသူလေးဦးနှင့် အနောက်ဘက်ကမ်းတွင် ဗုဒ္ဓဟူးနေ့က သေဆုံးရသူငါးဦးတို့အတွက် လက်စားချေတိုက်ခိုက်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပုံပြင်ထဲကလူ လူထဲကပုံပြင်

လေ့လာသူတစ်ဦး

ယနေ့ကာလသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို သိမ်မွေ့ညင်သာချောမွေ့စွာ တစ်ဆင့်တက်လှမ်းရမည့် အချိန်အခါဟု ဆိုရမည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို လာမည့်မေလတွင် ပြည်သူအားလုံး ပါဝင်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခွင့် ရရှိကြတော့မည် ဖြစ်သည်။

ယခုဖွဲ့စည်းပုံအခြေခံဥပဒေမတိုင်မီ ယခင်က မြန်မာနိုင်ငံတွင် အခြေခံဥပဒေနှစ်ရပ် ပြဋ္ဌာန်းကျင့်သုံးခဲ့ဖူးသည်။ ပထမဦးဆုံး အခြေခံဥပဒေမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်ပြီး ဒုတိယမြောက် ကျင့်သုံးသည့် အခြေခံဥပဒေမှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ထိုဥပဒေနှစ်ရပ်စလုံးသည် မြန်မာနိုင်ငံ ယနေ့ဖြတ်သန်းနေရသည့်ခေတ်၊ စနစ်နှင့် မလျော်ညီတော့သဖြင့် ထပ်မံ ကျင့်သုံး၍ မရနိုင်တော့ပေ။

၁၈-၉-၁၉၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူခဲ့ရပြီးနောက် လုပ်ငန်းတာဝန်ကြီး(၄)ရပ် ချမှတ်ဖော်ဆောင်ခဲ့သည်။ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကိုရှေးရှုပြီး ၂၁-၉-၁၉၈၈ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၂၇-၉-၁၉၈၈ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးဥပဒေကို ပြဋ္ဌာန်းပေးသည်။ ရွေးကောက်ပွဲတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ရာ (၂၃၅)ပါတီအထိ မှတ်ပုံတင်ခဲ့ကြသည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများအနေဖြင့် ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ပြည်သူလူထုအား ဟောပြောရေးသားတင်ပြခြင်းဖြင့် မဲဆွယ်စည်းရုံးခွင့် ရရှိစေရန်အတွက် ၂၃-၂-၁၉၉၀ ရက်နေ့တွင် စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ဆိုင်ရာအမိန့်ကို ပြဋ္ဌာန်းပေးခဲ့သည်။

ထိုစဉ်က နိုင်ငံရေးပါတီ (၂၃၅) ပါတီရှိသည့်အနက် မိမိဆန္ဒအလျောက် ဖျက်သိမ်းသည့်ပါတီ (၁၀၂)ပါတီ၊ ဗကပနှင့်ဆက်သွယ်၍ ဖျက်သိမ်းခံရသည့်ပါတီ သုံးပါတီ၊ အနည်းဆုံး မဲဆန္ဒနယ် သုံးနယ်တွင် ဝင်ရောက် အရွေးမခံနိုင်၍ ဖျက်သိမ်းသည့်ပါတီ ခြောက်ပါတီနှင့် ကိုယ်တိုင်လည်း မဖျက်၊ ရွေးကောက်ပွဲလည်းမဝင်၍ ပယ်ဖျက်ခံရသော ပါတီ (၃၁)ပါတီ ရှိလာခဲ့သည်။

စုစုပေါင်း (၁၄၂)ပါတီ ချုပ်ငြိမ်းသွားသဖြင့် ကျန်ရှိသော (၉၃)ပါတီက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ၎င်းတို့၏ မူဝါဒသဘောထားများကို ထုတ်ပြန်ဖော်ပြခဲ့ကြသည်။ ၎င်းတို့၏ ထုတ်ပြန်ကြေညာ ချက်များအရ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင် သုံးစွဲမည်ဟု ဖော်ပြသော ပါတီ (၇)ပါတီရှိသည်။ အခြေခံဥပဒေသစ် ရေးဆွဲမည်ဟု ဖော်ပြထားသော နိုင်ငံရေးပါတီ (၃၁)ပါတီရှိပြီး အခြေခံဥပဒေသစ်ရေးဆွဲမည်ဟု ယူဆနိုင်သော နိုင်ငံရေးပါတီ (၄၄)ပါတီရှိကြောင်း လေ့လာတွေ့ရှိရသည်။

ယင်းအချက်များကို ဖော်ပြရခြင်းမှာ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်လျက်ရှိသည်ကို ထင်ဟပ်ပေါ်လွင်စေလို၍ ဖြစ်သည်။ ပြည်သူလူထုကလည်း ဆိုရှယ်လစ်စနစ်အစား ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လိုကြသည်။ စီမံကိန်းစီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလိုကြသည်။ ပြည်သူလူထု၏ ဆန္ဒအရ ၁၉၄၇ နှင့် ၁၉၇၄ အခြေခံဥပဒေနှစ်ရပ်စလုံးကို ပြင်ဆင်သုံးစွဲရန် မဖြစ်နိုင်ခဲ့ပေ။

ထို့ကြောင့် **တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံ ကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် အမျိုးသားညီလာခံကျင်းပ၍ နိုင်ငံ၏ ပကတိအရှိတရားနှင့် လက်ရှိအခြေအနေအရ အကောင်းဆုံးနှင့် အသင့်တော်ဆုံးဖြစ်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အများသဘောတူ ညှိနှိုင်းချမှတ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရခြင်းဖြစ်သည်။**

ညီလာခံကိုယ်စားလှယ်များသည် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ မချမှတ်မီ ကမ္ဘာ့နိုင်ငံပေါင်း တစ်ရာကျော်၏ အခြေခံဥပဒေများကို နှိုင်းယှဉ်လေ့လာပြီး ကမ္ဘာ့အဆင့်မီ အခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ယခင် အခြေခံဥပဒေနှစ်ရပ်၏ အားနည်းချို့ယွင်းချက်များကို ရှောင်ရှားပြီး နိုင်ငံနှင့်လူမျိုးအတွက် အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးခဲ့ကြသည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် အခန်းပေါင်း ၁၄ ခန်းနှင့် ပုဒ်မပေါင်း ၂၃၄ ခုအထိ ပါဝင်သည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် အခန်းပေါင်း ၁၆ ခန်းနှင့် ပုဒ်မပေါင်း ၂၀၉ ခု ပြဋ္ဌာန်းခဲ့သည်။ ယခု အခြေခံဥပဒေမူကြမ်းတွင် အခန်းပေါင်း ၁၅ ခန်းနှင့် ပုဒ်မပေါင်း ၄၅၇ ခု ပါဝင်ကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့် တာဝန်များအပိုင်းကို နှိုင်းယှဉ်ကြည့်ပါက ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပုဒ်မ ၂၃ ခုသာ ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် ပုဒ်မ ၂၆ ခုသာ ပါရှိသည်။ ယခုအခြေခံဥပဒေတွင် ပုဒ်မ ၅၀ အထိ တိုးမြှင့် ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရသည်။

တိုင်းရင်းသားများ၏ အခွင့်အရေးအပိုင်းကို နှိုင်းယှဉ်ကြည့်ပါက ၁၉၄၇ အခြေခံဥပဒေတွင် ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်ဟူ၍ ပြည်နယ် လေးပြည်နယ်သာ ရရှိခဲ့သည်။ ၁၉၇၄ အခြေခံဥပဒေတွင် ချင်း၊ မွန်နှင့် ရခိုင်ပြည်နယ်များ ရရှိလာခဲ့သည်။ ယခု အခြေခံဥပဒေတွင် ပြည်နယ် ခုနစ်ပြည်နယ်အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း တစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခု တိုးတက်ရရှိလာသည်။

ထို့မျှမက တိုင်းရင်းသားလူမျိုးစုများအနေဖြင့် မိမိတို့၏ဒေသအရေးကို မိမိတို့ဘာသာ စီမံခန့်ခွဲနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် လွှတ်တော်များကိုလည်းကောင်း၊ အစိုးရအဖွဲ့များကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ် တရားလွှတ်တော်များကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခွင့်ရရှိလာသည်။

အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအလိုက် ဦးစီးအဖွဲ့များ ဖွဲ့စည်းပြီး ဥပဒေပြုခွင့်အာဏာနှင့် အုပ်ချုပ်ခွင့်အာဏာတို့ကို ဒေသခံ တိုင်းရင်းသားများကိုယ်တိုင် ကျင့်သုံးခွင့်ရရှိကြမည် ဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ မရရှိကြသည့် လူဦးရေနည်းသည့် တိုင်းရင်းသားများ အတွက်လည်း အခွင့်အရေးများ မကျန်စေရအောင် ဖော်ဆောင်ပေးထားသည်။

၎င်းတိုင်းရင်းသားများ၏ လူဦးရေသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ကိုယ်စားလှယ်အဖြစ်ပါဝင်ပြီး ဥပဒေပြုခွင့် ရရှိကြမည်။ ၎င်းကိုယ်စားလှယ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တွင် လူမျိုးစုရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ခွင့် ရရှိပေဦးမည်။ လူနည်းစု တိုင်းရင်းသားများအတွက်လည်း လူဦးရေသည် တစ်သောင်းကျော်ပါက ၎င်းတို့နေထိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များတွင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့် ရရှိကြမည်မှာ မလွဲကေန်ပင်။

ဤမျှလောက်နှင့်ပင် မိမိတို့၏ အခွင့်အလမ်းကို မိမိတို့ကိုယ်တိုင်အတည်ပြုပြဋ္ဌာန်းနိုင်မည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း၏ ဒီမိုကရေစီ အနှစ်သာရကို မြည်းစမ်းခွင့်ရရှိကြမည်ဟု ယူဆပါသည်။ ယခု ရေတွင်းတူး၊ ယခုရေကြည်သောက်၍ မရနိုင်သဖြင့် စောင့်ဆိုင်းခဲ့ရသော ကာလများမှ လွန်မြောက်ခဲ့ကြပြီဖြစ်သည်။ ယနေ့ ကာလသည် ရေကန်အသင့် ကြာအသင့်၊ ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း မွှေးကြိုင်လန်းဆန်း ငြိမ်းချမ်းသာယာရှိလာတော့မည့် အခါသမယပင် ဖြစ်သည်။

ကြုံကြိုက်တိုက်ဆိုင်၍ ပုံပြင်လေးတစ်ပုဒ်ကို မှတ်မိသမျှ ဖော်ပြလိုပါသည်။ ခရီးသွား အဖော်နှစ်ယောက် တစ်လှေတည်းစီး တစ်ခရီးတည်း သွားခဲ့ကြသည်။ လမ်းတွင် မြက်ထုံးများတွေ့ရာ နှစ်ဦးစလုံး လိုရမယ်ရ သယ်ယူလာကြသည်။ ရှေ့ဆက်သည့် ခရီးတွင် စပါးနှံ အထုံးများတွေ့ရာ ပထမလူက မြက်ထုံးကို စွန့်ပစ်ပြီး စပါးနှံထုံးကို သယ်ယူသည်။ ဒုတိယလူက ခရီးရှည်ကြာစွာ သယ်ယူလာခဲ့ရသော မြက်ထုံးကို မစွန့်ပစ်နိုင်ဘဲ ဆက်လက် သယ်ယူလာသည်။

ခရီးဆက်လက်ထွက်ခွာခဲ့ရာ တစ်နေရာတွင် ရွှေတုံးများတွေ့သည်။ စပါးနှံထုံး သယ်ယူလာသူက စပါးနှံထုံးကို စွန့်ပစ်ပြီး ရွှေတုံးများကို သယ်ယူသည်။ မြက်ထုံး သယ်ယူလာသူက ရွှေတုံးများ အဖိုးတန်မှန်း သိသော်လည်း လမ်းခရီးတစ်လျှောက်လုံး သယ်ယူလာခဲ့ရသည်ဟူသော အစွဲအလမ်းဖြင့် မြက်ထုံးကိုသာ ဖက်တွယ်သယ်ယူခဲ့သည်ဟူ၏။ ရွေးချယ်မှုမမှားဖို့ သင်ခန်းစာပေးထားသည့် ပုံပြင်လေး ဖြစ်ပါသည်။

မကြာသေးမီက **"အစွဲအလမ်းများဖြင့် အမြဲတမ်းမှားခဲ့သည့် တိုင်းပြည့်အန္တရာယ် (သို့မဟုတ်) ဗကပ"** ခေါင်းစဉ်ဖြင့် ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်ကို သတင်းစာများတွင် ဖတ်လိုက်ရသည်။ ဗကပ ယူဂျီများနှင့် လက်ဝဲသူငယ်နာ မစင်သေးသည့် နိုင်ငံရေးသမားများက ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ထောက်ခံမှု မပြုကြရန် သွေးဆောင်ဖြားယောင်းနေကြောင်း သိခဲ့ရသည်။

မြန်မာနိုင်ငံတွင် ပုံပြင်ထဲက ဒုတိယလူလို လူစားများ ရှိနေသေးပါတကားဟု ဆိုရန်သာ ရှိပါတော့သည်။ ။

ညီလာခံကိုယ်စားလှယ်များသည် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ မချမှတ်မီ ကမ္ဘာ့နိုင်ငံပေါင်း တစ်ရာကျော်၏ အခြေခံဥပဒေများကို နှိုင်းယှဉ်လေ့လာပြီး ကမ္ဘာ့အဆင့်မီ အခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ယခင် အခြေခံဥပဒေနှစ်ရပ်၏ အားနည်းချို့ယွင်းချက်များကို ရှောင်ရှားပြီး နိုင်ငံနှင့်လူမျိုးအတွက် အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးခဲ့ကြသည်။

ပြည်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တွေ့ဆုံမှာကြား

နေပြည်တော်   မတ်   ၁၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မတ် ၁၆ ရက်တွင် ပြည်မြို့ရှိ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ပြည်မြို့ပေါ်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ပြည်မြို့ အမှတ်(၃) ရဲစခန်းအသစ် တည်ဆောက်နေမှုနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ပြည်မြို့ပေါ်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားလမ်းနေ ဒေါ်သန်းသန်းအောင် (စည်တော်ဝန်) ကုမ္ပဏီမိသားစုက ကွယ်လွန်သူ Dr. Iida Tatsuku (Japan) **အားရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ဆေးရုံ ဒုတိယအုပ်ချုပ်ရေးမှူး ဦးလှရှိန်ထံ မတ် ၁၃ရက်က ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

ဓမ္မပီယရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၈

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း ဓမ္မပီယရိပ်သာ၏ (၁၆) ကြိမ်မြောက် သင်္ကြန် ၁၀ရက် တရားစခန်းကို ၁၃၆၉ ခု တန်ခူးလဆန်း ၆ရက်မှ ၁၅ရက်အထိ (ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ) ဖွင့်လှစ်မည်ဖြစ်ရာ ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးပုညာ၊ဦးပဏ္ဍိစ္စ၊ ဦးသောပါက၊ ဦးဝါယမတို့က သတိပဋ္ဌာန်အလုပ်ပေး တရားများ ဟောကြားကြမည်ဖြစ်သည်။ တရားဝင်လိုသော ယောဂီများကြိုတင် စာရင်းပေးသွင်းကြရန်နှင့် ကုသိုလ်ပါဝင်လိုသော ကုသိုလ်ရှင်များ ရိပ်သာဖုန်း–၅၇၈၅၇၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ညီမအားရည်စူး၍ ဦးတင်ငွေ၊ ဇနီး ဒေါ်သန်းသန်းဌေး၊ သား မောင်မြင့်မိုရ် (ပဒေသာ ဗီဒီယိုရိုက်ကူးရေး) က ငွေကျပ် ၁၀၀၀၀၀ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တွံတေး အရှင်ကုန္ဒက၏ တရားပွဲများ

ရန်ကုန်   မတ်   ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ၅၁ ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက်ဆရာတော် တွံတေး အရှင်ကုန္ဒက (ဓမ္မကထိကဗဟုဇနဟိတဓရ)သည် မတ် ၂၁ရက် မွန်းလွဲ ၂နာရီတွင် သီရိမင်္ဂလာမဟာစည်ရိပ်သာမြောက်/ဒဂုံ၊ ယင်းည ၇ နာရီတွင် မင်္ဂလွန်းရွာ ကျောက်တန်းမြို့နယ်၊ ၂၂ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်၊ ၂၃ ရက် နံနက် ၉ နာရီတွင် ကျိုက်ပိုင်းဒက္ခိဏာရုံကျောင်းတိုက်နှင့် ယင်းည ၇ နာရီတွင် အင်းဝလမ်း ကျောက်မြောင်း၊ ၂၅ ရက်တွင် ၉၄ လမ်း၊ ကန်ရှေ့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂၆ ရက်၌ မင်္ဂလာဒုံမြို့နယ်(၃/ခ)ရပ်ကွက်၊ ၂၇ ရက်တွင် ပခုက္ကူမြို့၊ ၂၈ ရက်တွင် မြရတနာ ၁၀ လမ်း မြောက်ဥက္ကလာပ၊ ၂၉ ရက်မွန်းလွဲ ၂ နာရီတွင် သီရိမင်္ဂလာ မဟာစည်ရိပ်သာ မြောက်/ဒဂုံနှင့် ယင်းည ၇ နာရီတွင် ဥက္ကာ ၇လမ်း၊ မြောက်ဥက္ကလာပ၊ ၃၁ ရက် ညတွင် ဥက္ကာ ၇ လမ်း မြောက်ဥက္ကလာပ၊ ဧပြီ ၁ ရက်တွင် ကျော်သူလမ်း ၂၉ ရပ်ကွက် တြိရတနရက္ခိတဓမ္မာရုံ တောင်ဥက္ကလာပ၊ ဧပြီ ၃ ရက်တွင် ဆိပ်ကြီးခနောင်တို၊ ၄ ရက်တွင် မြန်အောင်မြို့၊ ၅ ရက် မွန်းလွဲ ၂ နာရီတွင် သီရိမင်္ဂလာမဟာစည်ရိပ်သာမြောက်/ဒဂုံနှင့် ယင်းည ၇ နာရီတွင် တာမွေမြို့နယ် ကျားကွက်သစ် သာသနာ့ဟိတဓမ္မာရုံနှင့် ည ၈ နာရီတွင် ကမာရွတ်ဈေး၊ ၆ ရက်တွင် မြောက် ဥက္ကလာပ၊ ၈ ရက်တွင် မှော်ဘီမြို့နယ် ရွှေမော်တင်ဘုရားပွဲ၊ ၉ ရက်တွင် ဘီးလင်းမြို့တို့တွင် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

အောင်မင်္ဂလာဓမ္မရိပ်သာ သင်္ကြန်တွင်းတရားစခန်း

ရန်ကုန်   မတ်   ၁၈

မြောက်ဥက္ကလာပမြို့ (င)ရပ်ကွက် သန္တာ(၁၇)လမ်း အောင်မင်္ဂလာဓမ္မရိပ်သာကြီးတွင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တဥတ္တမ အောင်မင်္ဂလာဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ မြို့နယ်သံဃနာယက ဆရာတော်နှင့် အောင်မင်္ဂလာ အရှင်ပဏ္ဍိတ (ဓမ္မာစရိယ)၊ အောင်မင်္ဂလာ အရှင်ပညာဝံသာလင်္ကာရ(သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ သာမဏေကျော်)၊ အောင်မင်္ဂလာ အရှင်ဓမ္မသီရိ(ဓမ္မာစရိယ B.A)၊ အောင်မင်္ဂလာ အရှင်အကုံရ(ဓမ္မာစရိယ)၊ အောင်မင်္ဂလာ အရှင်နန္ဒဝံသ(ဓမ္မာစရိယ)၊ အောင်မင်္ဂလာ ဝိမလ(ကမ္မဋ္ဌာနာစရိယ)တို့မှ တန်ခူးလဆန်း ၆ ရက် (ဧပြီ ၁၁ ရက်)မှစ၍ နှစ်ဆန်း ၁ရက် (ဧပြီ ၁၇ရက်)အထိ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဟု သိရသည်။ တရားစခန်းဝင်မည့်သူများသည် ဧပြီ ၁၀ ရက် ညနေ ၆ နာရီ ဖွင့်ပွဲအမီလာရောက်ရမည်ဖြစ်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများကိုလည်း ဖုန်း–၆၉၀၄၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သဒ္ဓမ္မပါလ နေပြည်တော်ကြိုက်သစ်ကျောင်း ဝိပဿနာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန်   မတ်   ၁၈

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း၌ အကြိမ်(၃၀)မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ ရက်မှ ဧပြီ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇဓမ္မာစရိယ)မှ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီဦးရေ ကန့်သတ်ထားသဖြင့် တရားစခန်းဝင်ရောက်ရန် စာရင်းပေးထားသော ယောဂီများသာ ဧပြီ ၁၀ ရက် ညနေ ၆ နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က–ပ)

သီရိမင်္ဂလာ မဟာစည်ကျောင်းတိုက် သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ၅၁ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်း၊ သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန် ၁၀ရက် အထူးတရားစခန်းပွဲကြီးကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ကုန္ဒက ဆရာတော်မှ ဧပြီ ၁၀ရက်မှ ဧပြီ ၁၉ရက်အထိ တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ဧပြီ ၉ရက် ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ လာရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး၊ဟောပြော လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှုများ ဆောင်ရွက်

ရန်ကုန်   မတ်   ၁၈

သစ်တောရေးရာ ဝန်ကြီးဌာန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ မြန်မာ့သစ်လုပ်ငန်း၊ အခြေစိုက်အလုပ်ရုံ(ပြည်)၏ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှု ပြုလုပ်ခြင်း အခမ်းအနားကို မတ် ၁၄ ရက် နံနက် ၈နာရီက သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း)၊ မြန်မာ့သစ်လုပ်ငန်း၊ အခြေစိုက် အလုပ်ရုံ (ပြည်)၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ပြည်ခရိုင်၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းနှင့် တာဝန်ရှိသူများ၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း၊ အခြေစိုက်အလုပ်ရုံ (ပြည်) မန်နေဂျာ၊ အင်ဂျင်နီယာ ဦးနေဝင်းနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း(အနောက်ပိုင်း)၊ မြန်မာ့သစ်လုပ်ငန်း အခြေစိုက် အလုပ်ရုံ (ပြည်) မန်နေဂျာ၊ အင်ဂျင်နီယာ ဦးနေဝင်းက အဖွင့် အမှာစကားပြောကြားပြီး ပြည်ခရိုင်၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝမီးဘေးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ်လူဇော်နှင့် ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် လည်းကောင်း၊ မီးသတ်စက်ယာဉ်များဖြင့် လည်းကောင်း မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြရာ ပဲခူးတိုင်း (အနောက်ပိုင်း)၊ မြန်မာ့သစ်လုပ်ငန်း၊ အခြေစိုက် အလုပ်ရုံ(ပြည်)မှ ဝန်ထမ်းများက မီးငြိမ်းသတ်မှုများကို လက်တွေ့ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထားဝယ်အသင်း ဂုဏ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန်   မတ်   ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဘဒ္ဒန္တပညာစာရ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ကံယုံကျောင်းတိုက် မောင်းမကန်ရွာ လောင်းလုံမြို့နယ်၊ ဘဒ္ဒန္တပညာဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဝေဒီကျောင်းသစ် ဝေဒီကျေးရွာ လောင်းလုံမြို့နယ်၊ ဘဒ္ဒန္တသောဘန(မဟာသဒ္ဓမ္မဇောတိကဓဇ) ပိန်းတောကျောင်းကြီး ပိန်းတောကျေးရွာ သရက်ချောင်းမြို့နယ်၊ ဘဒ္ဒန္တဝရဉာဏ(မဟာကမ္မဋ္ဌာနာစရိယ) မင်းရပ်ချောင် ပဋိပတ္တိသာသနာ့ရိပ်သာ မင်းရပ်ရွာ လောင်းလုံမြို့နယ်၊ ဘဒ္ဒန္တယသဉာဏ(သဒ္ဓမ္မဇောတိကဓဇ) ရွာလယ်တိုက်ကျောင်း သရက်နှစ်ခွကျေးရွာ သရက်ချောင်းမြို့နယ်၊ ဘဒ္ဒန္တကုဏ္ဍလာလင်္ကာရ (ဂန္ထဝါစကပဏ္ဍိတ) ဇေယျာသုခကျောင်းတိုက် မိုးမခလမ်း စမ်းချောင်းမြို့နယ်နှင့် ဘဒ္ဒန္တနန္ဒဝံသ(ကမ္မဋ္ဌာနာစရိယ) ဓမ္မရိပ်သာကျောင်းတိုက် ကနက်သီရိကျေးရွာ သရက်ချောင်းမြို့နယ် ဆရာတော်ကြီးခုနစ်ပါးအား ဂုဏ်ပူဇော်ပွဲနှင့် ဦးကြည်လွင် (သီရိသုဓမ္မမဏိဇောတဓရ)ဘွဲ့ရ လူပုဂ္ဂိုလ်တစ်ဦးအား ထပ်ဆင့်ဂုဏ်ပြုပွဲကို မတ် ၂၃ ရက် (တပေါင်းလပြည့်ကျော် ၂ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်း ဇမ္ဗူရတနာပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများကို အသင်းတိုက်တွင် လည်းကောင်း၊ ပူဇော်ပွဲကျင်းပရေးကော်မတီ ထားဝယ်အသင်း ဖုန်း–၂၂၂၂၁၉၊ ၇၀၃၀၂၂ သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ ပြည်တွင်းပို့ကုန်ပစ္စည်းများ ရောင်းအားကောင်းလျက်ရှိ

ရန်ကုန် မတ် ၁၈

နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် နယ်စပ်ဒေသမှ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့သည့် ပြည်တွင်းပို့ကု န်ပစ္စည်းများသည်လည်း ရောင်းအားကောင်းလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင် တောင်သူဦးကြီးများ ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သည့်

လယ်ယာထွက် ကုန်ပစ္စည်းများ၊ ဥယျာဉ်ခြံထွက် ကုန်ပစ္စည်းများကို နယ်စပ်ဒေသရှိ ကုမ္ပဏီများနှင့် ဆက်သွယ်၍ တောင်သူဦးကြီးများ ကိုယ်တိုင် သွားရောက် ရောင်းချခြင်းဖြင့် ဝင်ငွေလမ်းဖြောင့်ပြီး နယ်စပ်ကုန်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်။

ယခု မတ်လအတွင်း မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်သို့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းဝယ်အားကောင်းလျက်ရှိသည်။ နေ့စဉ် ပြောင်းကား ၁၅ စီးဝန်းကျင်၊ ပဲတီစိမ်း၊ ပဲတီစိမ်းလုံးခြမ်း ကားအစီး ၂၀ ဝန်းကျင်၊ ပဲလွန်းဖြူ ကားသုံးစီး ဝန်းကျင်၊ နှမ်းကားသုံးစီးဝန်းကျင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဈေးကွက်အတွင်း ကုန်ပစ္စည်းများ ရောင်းချရာတွင် ပုံမှန်ဈေးဖြင့် ရရှိသင့်သည့်နှုန်းထားများ ရရှိစေရန် သက်ဆိုင်ရာမှ ကုန်ပစ္စည်းအမျိုးအမည်အလိုက် ကြမ်းခင်းဈေးများ သတ်မှတ်ပေး၍ ရောင်းဝယ်စေခဲ့သည်။ ကုန်ပစ္စည်းများ ပို့ဆောင်ရာတွင် ကုန်သွယ်မှုစစ်ဆေးရေးသို့ သွားရောက်၍ ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးခြင်းများ ဆောင်ရွက်ရကြောင်း၊

ဤကဲ့သို့ ကုန်ပစ္စည်းများကို ဂိုဒေါင်များတွင် သိုလှောင်၍ ဈေးကွက်ရှာဖွေရောင်းဝယ်ခြင်းဖြင့် ရသင့်သည့်နှုန်းထားအတိုင်း တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းရောင်းဝယ်နိုင်ပြီဖြစ်သည်။

မိမိတို့ သယ်ဆောင်လာသော ကုန်ပစ္စည်းများကို ဆက်သွယ်လုပ်ကိုင်သည့် ကုမ္ပဏီဂိုဒေါင်များတွင် ထားရှိ၍ မိမိတို့က ဈေးကွက်ရှာဖွေရောင်းဝယ်ခြင်းများကို ဆက်လက်ဆောင်ရွက်ရသည်။ ကုမ္ပဏီမှလည်း ပို့ကုန်ကိစ္စ အလုံးစုံအဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးသည်။ ကားတစ်စီးလျှင် ဂိုဒေါင်ပစ္စည်း ထားသိုခမှာ တစ်ပတ်လျှင် ငွေကျပ်တစ်သောင်းပေးရကြောင်း၊ တစ်ပတ်ကျော်သွားပါက ရက်အလိုက် ညှိနှိုင်းတွက်ချက်ပြီးပေးရကြောင်း ယခင်က ဈေးကွက် အနေအထားမှာ တစ်ဖက်ကုန်သည်များ၏ အောက်တွင် ရှိနေပြီး ယခုအခါမှာ မိမိတို့ပစ္စည်းများကို ဂိုဒေါင်အတွင်း ထားရှိ၍ ရသင့်သည့် နှုန်းထားအတိုင်း တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းရောင်းဝယ်နိုင်ပြီဖြစ်ကြောင်း ကုန်သည်တစ်ဦးက ကြေးမုံသို့ ပြောကြားခဲ့သည်။ ။

ကျော်ကျော်(ဖန်းမော်)

ပို့ကုန်ကိစ္စအားလုံး အဆင်ပြေစေရန် ကျယ်ပြန့်သပ်ရပ်သော ဂိုဒေါင်များ သိုထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။

ပြင်ဦးလွင် နှစ်(၅၀)ပြည့် ရွှေရတု သင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မတ် ၁၈

အကြိမ်(၅၀)ပြည့် ရွှေရတု မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ ပြင်ဦးလွင်ဂေါက်ကွင်းတွင် အစဉ်အလာမပျက် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး အဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေ၊ ကြေး အဆင့်လိုက် တစ်ဦးချင်းပြိုင်ပွဲများ၊ အမျိုးသမီးနှင့် သက်ကြီးတန်းပြိုင်ပွဲများ ပါဝင်မည် ဖြစ်သည်။ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် မြန်မာ နိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းတို့မှ ကြီးမှူး၍ ကောင်းမြတ်ကုမ္ပဏီ (KM Golf Centre) မှ အဓိကပံ့ပိုးမည်ဖြစ်ပြီး Golden Land Production Ltd., Shwe Tha Pyay Co., Ltd., Heather Gate, Air Bagan, Myanmar Treasure Resorts, Ashworth (Blazon), Srixon, Han Golf Master, Maruman, Tourstage, Bridgestone Golf, Mizuno တို့က ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

ဆုကြေး ငွေများအဖြစ် ရွှေ၊ ငွေ၊ ကြေးအသင်းလိုက် ပထမနှင့် ဒုတိယဆုများကို ငွေကျပ် ၅၇ သိန်းနှင့် ရွှေအဆင့် တစ်ဦးချင်း ပြိုင်ပွဲများတွင် ပထမ ငွေကျပ် လေးသိန်း၊ ဒုတိယ ငွေကျပ် သုံးသိန်း၊ တတိယ ငွေကျပ် နှစ်သိန်း အတန်းလိုက် ၁၀ဆုစီကို လည်းကောင်း၊ သက်ကြီး အမျိုးသမီးဆုများကိုလည်းကောင်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ပြီး လာရောက်ပြိုင်ပွဲဝင်ကစားသူများအားလုံးကိုလည်း ရွှေရတု အမှတ်တရပစ္စည်းများကို ထိုက်ထိုက်တန်တန် လက်ဆောင်ပေးသွားမည်ဖြစ်သည်။ တည်းခိုခန်းများကိုလည်း ဈေးနှုန်းချိုသာစွာ စီစဉ်ပေးထားမည်ဖြစ်ပြီး ကုမ္ပဏီအသီးသီးမှလည်း ဈေးရောင်းပွဲတော်အဖြစ် လာရောက်ဖွင့်လှစ်ကြမည် ဖြစ်သည်။ ပြိုင်ပွဲရက်အတွင်း (Hole in One) ဆုများကိုလည်း အထူးချီးမြှင့်သွားမည် ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲ ဖိတ်ကြားလွှာများကို ဂေါက်ကလပ်အသီးသီးသို့ ပေးပို့ဖိတ်ကြားသွားမည်ဖြစ်ရာ ဖိတ်စာမရရှိသော်လည်း ဂေါက်ကလပ်များနှင့် အားကစားသမားများ ဧပြီ ၁၂ရက် နောက်ဆုံးထားပြီး ပြင်ဦးလွင်ဂေါက်ကလပ်သို့ စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ အသေးစိတ်အချက်အလက်များကိုသိလိုပါက ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း ၀၈၅-၂၂၃၈၂၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်အုန်း ၀၉-၂၀၄၄၇၉၂၊ ဦးချစ်ထူး ၀၉-၂၀၄၄၁၇၅၊ ဦးစံဏီ ၀၉-၅၂၆၁၂၉၁၊ ဦးကျော်ဌေးကို ၀၉-၂၀၄၄၀၇၅၊ ဗိုလ်မှူးစိုင်းဝင်းဟန် ၀၉-၂၀၄၄၁၆၄၊ ကောင်းမြတ်ကုမ္ပဏီ ၀၁-၂၀၂၀၈၁၊ ၀၉-၉၀၆၀၆၁၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၂၀	၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၃၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။ **ကာတွန်းအစီအစဉ် - ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၃၁)**
၆:၄၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၄၈)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ လူ့ရွှင်တော်ရွှေဖလား
	၂၀။ ICT သုတ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စည်းခြားထားတဲ့အချစ် (အပိုင်း-၁၆)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ဘုတ်ပြင်းမြို့နယ် ကဏန်းအရှင်များ စုပေါင်းလွှတ်ပွဲကို မတ် ၇ရက်က ဘုတ်ပြင်းကမ်းခြေ၌ ကျင်းပရာ ကဏန်း ၅၉၂ ကောင်အား စုပေါင်း လွှတ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ဝါးခယ်မ အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၈

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထက(၁)ကျောင်းကြီးတွင် တက္ကသိုလ်ဝင်တန်းအထိပညာသင်ကြားခဲ့ကြသော မည်သည့်နှစ်ဟောင်း နှစ်သစ်မှမဆို ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပူးပေါင်း၍ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၆ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးမြင့်ဆွေ ဖုန်း-၀၉-၅၀၀၉၇၃၇၊ ဦးမျိုးချစ် ဖုန်း-၀၉-၅၁၈၄၆၂၆၊ ဒေါ်ခင်အေးမူ ဖုန်း-၀၉၅၀၅၆၉၇၀၊ ဒေါ်ယဉ်ယဉ်လေး ဖုန်း-၀၉-၉၀၄၂၄၁၀၊ ဒေါ်မေစုသာ ဖုန်း-၀၉-၅၁၇၃၅၇၆၊ ဒေါ်နီလာတင် ဖုန်း-၀၉-၅၁၃၄၈၉၂ ရန်ကုန်မြို့နှင့် ဦးဝင်းဌေး ဖုန်း-၀၄၂-၆၀၆၆၄၊ဦးတင်ဝ(ခ)ဦးတင်ဦး ဖုန်း-၀၄၂-၆၀၃၃၅၊ ဦးတင်ဦး(ခ) ဦးမောင်ဦး ဖုန်း-၀၄၂-၆၀၃၇၃၊ ဒေါ်မိမိမြတ် ဖုန်း-၀၄၂-၆၀၁၅၃၊ ဒေါ်မာမာစီ ဖုန်း-၀၄၂-၆၀၃၄၆၊ ဒေါ်သင်းသင်းအေး ဖုန်း-၀၄၂-၆၀၃၃၀ ဝါးခယ်မမြို့တို့သို့ မတ် ၂၀ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေး လှူဒါန်းကြပါရန်နှင့် ပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မတ် ၃၀ရက် နောက်ဆုံးထားပြီး ရန်ကုန်မြို့ ဝါးခယ်မမြို့နယ် အသင်းတိုက် ဖုန်း-၀၁-၂၂၆၅၉၀သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြရန် အသိပေးနှိုးဆော်ထားသည်။ (က-ပ)

ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာနွေရာသီ အင်္ဂလိပ်-မြန်မာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၈

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ယဉ်ကျေးလိမ္မာ ဗုဒ္ဓ ဘာသာ နွေရာသီ အင်္ဂလိပ်-မြန်မာသင်တန်းကို ဧပြီ ၂၈ရက်မှ မေ ၁၇ရက် အထိ နံနက် ၈နာရီမှစ၍ ကျောင်းတော်ကြီး၌ သင်ကြားပို့ချမည်ဖြစ်ရာ တက်ရောက် လိုသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းတော်ကြီးရုံးဖုန်း-၅၄၄၉၃၈သို့ဆက်သွယ်ကာ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့်အတူ လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းသားဦးရေ ကန့်သတ်ထားသဖြင့် သင်တန်းဝင်ခွင့်လျှောက်လွှာများတင်သွင်းကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က-ပ)

ဉာဏစွမ်းရည်ပြိုင်ပွဲ

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မူကြိုနေ့ကလေးထိန်းကျောင်းတွင် မတ် ၁၅ ရက်က ကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပစဉ်။

(၅၃)

မီးသုံးစွဲလျှင်
အသိယှဉ်
အစဉ်သတိ
အမြဲရှိ

နေပြည်တော် လယ်ဝေး မီးဘေးသင့်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

နေပြည်တော် လယ်ဝေး မတ် ၁၈

နေပြည်တော် လယ်ဝေး အမှတ်(၅)နှင့် အမှတ်(၆)ရပ်ကွက် မီးဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ပေးပို့သော ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပွဲကို မတ် ၁၅ရက် နံနက်၉နာရီတွင် အင်ဆု အခြေခံပညာမူလတန်းလွန်ကျောင်း မီးဘေးကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မီးဘေးသင့် အိမ်ထောင်စု ၃၃၀ အတွက် ထောက်ပံ့ပစ္စည်း ၂၂မျိုးကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်စီမံဌာနစိတ်မှ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုချင်းအလိုက် ပေးအပ်သည်။ အလားတူပင် နေပြည်တော် လယ်ဝေးမြို့နယ် ပြည်ဝင်ကျေးရွာ မီးဘေးသင့်သည့် အိမ်ထောင်စု ၄၃ စုကိုလည်း ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပြီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Power to Lead အကြောင်းဟောပြောပွဲ ကျင်းပ

ရန်ကုန် မတ် ၁၈

SMART Technical Services Co., Ltd ၏ Managing Director ဦးကျော်ကျော်လှိုင်က Power to Lead အကြောင်း ဆွေးနွေးပွဲကို မတ် ၁၅ ရက်က Park Royal Hotel Yangon ၌ ကျင်းပရာ "၂၁ ရာစုတွင် ထင်ရှားလာသည့် Team Leadership အကြောင်း"ကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသွားသည်။**(ယာပုံ)**

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက စီစဉ်သည့် ဦးကျော်ကျော်လှိုင်၏ တတိယအကြိမ်မြောက် ယခုဟောပြောပွဲကို City Mart Holding Co., Ltd, Premium Marketing Ltd နှင့် Season's Beauty Studio တို့က ပံ့ပိုး ကူညီခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ကုမ္ပဏီများမှ မန်နေဂျာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် တူဒေးတိုက်ထုတ် စာအုပ်များကို ၁၀ ရာခိုင်နှုန်း လျှော့နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး အထူးအစီအစဉ်တစ်ရပ်အဖြစ် လစဉ်ထုတ် မဂ္ဂဇင်းဖြစ်သည့် Life Style မဂ္ဂဇင်းနှင့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းတို့ကို အထူးလျှော့နှုန်းဖြင့် တစ်နှစ်စာကြိုတင်ငွေသွင်းခွင့် လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လွတ်လပ်စွာတွေးခေါ် ခံစားသည် ဆောင်းပါးပေါင်းချုပ်စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၈

ဆောင်းပါးရှင်ဦးမောင်မောင်စိုးတင့် (အငြိမ်းစားသံအမတ်ကြီး) ရေးသားသည့် "လွတ်လပ်စွာ တွေးခေါ်ခံစားသည်နှင့် အတွေးသစ်ဆောင်းပါးများ" စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

(ယာပုံ)

အဆိုပါ စာအုပ်တွင် ဓမ္မရေးရာ၊ ပညာရေးရာ၊ မြန်မာနိုင်ငံရေးရာ၊ အချစ်ရေးရာ၊ လူငယ်ရေးရာ၊ လူမှုရေးရာနှင့် ခံစားချက်များဟူ၍ အခန်း (၈)ခန်း ခွဲခြားဖော်ပြထားပြီး ထုတ်ဝေခဲ့ပြီးသည့် စာအုပ်များနှင့် အတွေးသစ်ဂျာနယ်တွင် ရေးသားခဲ့သော ဆောင်းပါးများအနက် အကြောင်းအရာတူများကို ပြန်လည်စုစည်းထားခြင်းဖြစ်ကြောင်း၊ စုစုပေါင်း ဆောင်းပါး၁၂၅ပုဒ်ပါရှိကာ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ဖော်ပြထားပြီး ပြည့်စုံစာအုပ်တိုက် အမှတ် (၇၈) လှည်းတန်းလမ်း၊ လမ်းမတော် ရန်ကုန်မြို့ ဖုန်း–၂၂၄၃၇၅ မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ဒုတိယ၊ တတိယအဆင့် သင်တန်း အမှတ်စဉ် (၈၄) ဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁၈

နိုင်ငံတော်အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဒုတိယ၊ တတိယအဆင့် သင်တန်းအမှတ်စဉ်(၈၄) သင်တန်း ဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းသို့ ဝန်ကြီးဌာန(၃၀)အောက်ရှိ ဦးစီးဌာန(၂၁)ခုနှင့် စီးပွားရေးအဖွဲ့အစည်း(၂၂)ခုတို့မှ ဝန်ထမ်း(၁၃၉)ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ (၃)လကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror — ထူးထူးခြားခြားကမ္ဘာ့ ဘောလုံးမှတ်တမ်းများ

ပရီမီယာလိဂ်မှ အသက်အငယ်ဆုံးဘောလုံးသမား

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ကြသည့် ဘောလုံးသမားများအနက် တရားဝင်အသိအမှတ်ပြုထားသည့်အသက်အငယ်ဆုံး ဘောလုံးသမားအမည်မှာ မက်သယူးဘရစ်ဖြစ်သည်။ ၂၀၀၇ခုနှစ် မေ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဖူလ်ဟမ်နှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် ဖူလ်ဟမ်အသင်းအတွက် ၇၇မိနစ်၌ လူစားဝင်ကစားခဲ့သော မက်သယူးသည် ထိုစဉ်က ၁၆နှစ်နှင့် ၆၅ရက်ရှိရာ အင်္ဂလိပ်ပရီမီယာလိဂ်၌ အသက်အငယ်ဆုံး ဘောလုံးသမားအဖြစ် ဂင်းနစ်မှတ်တမ်းစာအုပ်၌ ထည့်သွင်းဖော်ပြခြင်းခံခဲ့ရသည်။ အသက်အငယ်ဆုံးအဖြစ် စံချိန်တင်ထားသူ တော့တင်ဟမ် ဟော့စပါးအသင်းမှ အာရွန်လင်နွန်ထက် မက်သယူးက ၆၄ ရက်ပို၍ ငယ်သည်။ **(ယာပုံ)**

ပရီမီယာလိဂ် အအောင်မြင်ဆုံးအုပ်ချုပ်သူ

အင်္ဂလိပ်ပရီမီယာလိဂ်တွင် အအောင်မြင်ဆုံးကလပ်အသင်းမန်နေဂျာမှာ လူအများသိကြသည့် မန်ချက်စတာယူနိုက်တက်အသင်းမှ ဆာအဲလက်စ်ဖာဂူဆန်ပင်ဖြစ်သည်။ ဖာဂူဆန်သည် ၁၉၉၃ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ပရီမီယာလိဂ်တွင် ချီးမြှင့်သည့် လအလိုက်အကောင်းဆုံးမန်နေဂျာဆု (Manager of the Month Awards)ကို (၁၉)ကြိမ် ဆွတ်ခူးရရှိကာ အမြင့်ဆုံးစံချိန်တင်ထားသည်။ ထို့အတူ ဖာဂူဆန်သည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင်လည်း ပွဲစဉ်အများဆုံးကိုင်တွယ်ခဲ့သူ မန်နေဂျာအဖြစ် စံချိန်တင်ထားသည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလက ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့်စပိန်မှ ဗီလာရီးယဲအသင်းတို့၏ချန်ပီယံလိဂ်ပွဲမှာ ဖာဂူဆန်၏ ၁၁၈ပွဲမြောက် အုပ်ချုပ်ကွပ်ကဲခဲ့သည့်ပွဲဖြစ်သည်။

ပရီမီယာလိဂ် ပရိသတ်အများဆုံးပွဲ

ကျင်းပခဲ့သောပရီမီယာလိဂ်ဘောလုံးပွဲစဉ်များအနက် ပရိသတ်အများဆုံး စံချိန်တင်ကြည့်ရှုခဲ့သည့်ပွဲမှာ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၃ရက်က မန်ချက်စတာယူနိုက်တက်အသင်း၏ အိမ်ကွင်းဖြစ်သည့် အိုးလ်ထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သော မန်ယူနှင့် အက်စ်တန်ဗီလာတို့ပွဲဖြစ်သည်။ ယင်းနေ့က လာရောက်ကြည့်ရှုအားပေးသူ ဘောလုံးပရိသတ်ဦးရေမှာ ၇၆၀၇၃ဦးဖြစ်ရာ ပရီမီယာလိဂ်ဘောလုံးပွဲစဉ်၌ ပရိသတ်အားပေးမှုအများဆုံး တရားဝင်စံချိန်ဖြစ်ကြောင်းသိရသည်။ အပေါ်ပုံမှာ မန်ယူမှ မိုက်ကယ်ကာရစ်က မန်ယူအတွက် ဒုတိယဂိုး သွင်းယူလိုက်ပုံဖြစ်သည်။

ဘောလုံးအသင်း အများဆုံး ပံ့ပိုးသည့်ကုမ္ပဏီ

အားကစားပြိုင်ပွဲတွင် အသင်းများအား စီးပွားရေးကုမ္ပဏီများ၊ အဖွဲ့အစည်းများက မိမိတို့၏ ကုန်ပစ္စည်းများအတွက် အထောက်အပံ့(Sponsor) ပေးကြရာ အများအားဖြင့် ကုမ္ပဏီ၊ အဖွဲ့အစည်း တစ်ခုက အသင်းတစ်သင်းကို ပံ့ပိုးပေးတတ်ကြသည်ကို တွေ့ရသည်။ သို့ရာတွင် ကုမ္ပဏီအဖွဲ့အစည်း တစ်ခုတည်းက ဘောလုံးအသင်း တစ်ဒါဇင်ကို တစ်ပြိုင်တည်း ပံ့ပိုးမှုပေးသည့်အဖြစ်မှာ ရှားပါးသည်ဟု ဆိုရမည် ဖြစ်သော်လည်း ဆော်ဒီအာရေးဗီးယားနိုင်ငံ၌ ရှိနေသည်ကိုတွေ့ ရသည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် ၂၀၀၆ခုနှစ် စက်တင်ဘာလက ကျင်းပသည့် ပထမတန်း ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂သင်းအား Saudia Telecom ကုမ္ပဏီတစ်ခုတည်းက အထောက်အပံ့ ပေးခဲ့ရာ ကုမ္ပဏီတစ်ခုတည်းက အသင်းအများဆုံး Sponsor ပေးသူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်သွားခဲ့သည်။

ကမ္ဘာ့ဖလားပွဲ ပြစ်ဒဏ်အများဆုံးပွဲ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်များအနက် ပွဲတစ်ပွဲအတွင်း ဘောလုံးသမားထုတ်ပယ်ခံရမှု အများဆုံးပွဲမှာ ၂၀၀၆ခုနှစ် ဇွန် ၂၅ ရက်က ဂျာမနီနိုင်ငံ နူရင်ဘာ့ဂ်မြို့၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပေါ်တူဂီနှင့်ဟော်လန်တို့၏ပွဲပင်ဖြစ်သည်။ အဆိုပါပွဲတွင် အနီကတ်လေးကြိမ်နှင့် အဝါကတ် ၁၆ကြိမ်ပြသခဲ့ရသည်အထိ ပွဲကြမ်းတစ်ပွဲဖြစ်ခဲ့သည်။ ပေါ်တူဂီအသင်းဘက်သို့ အနီကတ်နှစ်ကြိမ်နှင့် အဝါကတ်ကိုးကြိမ်ပြသခဲ့ပြီး ဟော်လန်အသင်းဘက်သို့ အနီကတ်နှစ်ကြိမ်နှင့် အဝါကတ်ခုနစ်ကြိမ်ပြသခဲ့ရသည်။

နိုင်ငံအလိုက် အမှတ်ပေးဘောလုံးပြိုင်ပွဲ အောင်မြင်မှုရ အသင်းများ

စဉ်	နိုင်ငံ	အမှတ်ပေးပြိုင်ပွဲ	အသင်း	ဗိုလ်စွဲသည့် အကြိမ်	ခုနှစ်
၁။	စကော့တလန်	ပရီမီယာလိဂ်	ဂလပ်စဂိုရိန်းဂျား	၅၁	၁၈၉၁–၂၀၀၅
၂။	ဂရိ	စူပါလိဂ်	အိုလံပီယာကော့စ်	၃၅	၁၉၃၁–၂၀၀၇
၃။	ပေါ်တူဂီ	လီဂါ	ဘင်ဖီကာ	၃၁	၁၉၃၅–၂၀၀၅
၄။	စပိန်	လာလီဂါ	ရီးယဲမဒရစ်	၂၉	၁၉၃၁–၂၀၀၃
၅။	နယ်သာလန်	အီရီဒီဗီစီး	အေဂျက်အမ်စတာဒမ်	၂၉	၁၉၁၇–၂၀၀၄
၆။	ဘယ်ဂျီယံ	ဂျူပီလာလိဂ်	အာရ်အက်စ်စီအန်ဒါလက်	၂၉	၁၉၄၇–၂၀၀၇
၇။	ဟန်ဂေရီ	ဘော်ဆိုဒီလီဂါ	ဖီရန်ကဗာရို့စ်	၂၈	၁၉၀၃–၂၀၀၄
၈။	အီတလီ	စီးရီးအေ	ဂျူဗင်တပ်စ်	၂၇	၁၉၀၄–၂၀၀၃
၉။	ဖင်လန်	ဗိတ်ကော့စလီဂါ	အိပ်ချ်ဂျေကေ	၂၁	၁၉၁၁–၂၀၀၃
၁၀။	နော်ဝေ	တစ်ပီလီဂါယန်	ရိုဆန်ဘော့ဂ်	၂၀	၁၉၆၇–၂၀၀၆
၁၁။	ဂျာမနီ	ဘွန်ဒက်စ်လီဂါ	ဘေယန်မြူးနစ်	၂၀	၁၉၃၁–၂၀၀၆
၁၂။	အင်္ဂလန်	ပရီမီယာရှစ်	လီဗာပူး	၁၈	၁၉၀၁–၁၉၉၀
၁၃။	ဆွီဒင်	အောလ်ဆဲဗင်စကန်	အိုင်အက်ဖ်ကေဂိုတာဘော့ဂ်	၁၇	၁၉၀၈–၁၉၉၆
၁၄။	ဒိန်းမတ်	စူပါလီဂါ	ဂျိုဘင်ဟန်ဘိုးလ်ကလပ်	၁၅	၁၉၁၃–၁၉၈၀
၁၅။	အိုင်ယာလန်	ပရီမီယာဒီဗီးရှင်း	ရှမ်ရော့ခ်ရိုဗာစ်	၁၅	၁၉၂၃–၁၉၉၄
၁၆။	ပြင်သစ်	လီဂူး ၁	အေအက်စ်စိန့်အီတီနီ	၁၀	၁၉၅၆–၁၉၈၁
၁၇။	ဂျပန်	ဂျေလိဂ်	ကာရှီးမားအန်တလာစ်	၄	၁၉၉၆–၂၀၀၁
၁၈။	အမေရိကန်	အမ်အယ်လ်အက်စ်	ဒီစီယူနိုက်တက်	၄	၁၉၉၆–၂၀၀၄

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၃–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ရိုးရာကျေးလက် ကစားနည်း
- ၇း၅၀ ၅။ တေးဂီတအစီအစဉ်
- ၈း၀၀ ၆။ အကပဒေသာ
- ၈း၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ **"မပြောမပြီး မတီးမမြည်" (နေရဲလင်း၊မောင်မောင်မြင့်၊ မိုးဇော်၊ရှင်ဖုန်း၊အိမ့်ချယ်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
- ၄း၂၀ ၃။ HIV/AIDS **(နေတိုး၊ အိန္ဒြာကျော်ဇင်၊ ကျော်ထူး၊ သင်ဇာဝင့်ကျော်၊ ရတနာ၊ ပွင့်) [ဒါရိုက်တာ–သိန်းဟန်–(ဖိုးနစ်)]**
- ၄း၂၅ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၅း၁၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၀ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၇း၀၀ ၁၃။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇း၁၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၄၅ ၁၅။ တေးဂီတအစီအစဉ်
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကိုကိုနော်" (လွင်မိုး၊အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ–ကျော်ဇောလင်း)**
- ၂၁။ အစီအစဉ်ပြီး၏။

အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အခြေခံ ကွန်ပျူတာသင်တန်းအမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲတွင် သင်တန်းခန်းမကို ကြည့်ရှုစစ်ဆေးစဉ်။(ဘဏ္ဍာ/အခွန်)

နေပြည်တော် မတ် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ICT ကျွမ်းကျင်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲကို မတ် ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ပြည်သာယာအဆင့်မြင့်အိမ်ရာနေ ဦးစန်းဦး-ဒေါ်တင်တင်ဌေး၊ သမီးစုမြတ်မွန်၊ မေသီမွန်၊ မေရည်မွန်မိသားစုက ငွေကျပ် ၁၁၀၀၀၀ ကို ရွှေပြည်ဟိန်းဆရာတော်ထံလှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံစဉ်။ (က-ပ)

ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်မှ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရတိုက်အုပ်ဆရာတော်အရှင်ဣန္ဒောဘာသာလင်္ကာရ**(ယာပုံ)** အား ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို မတ် ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန် မတ် ၁၈

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဒေးပေါက်စံပြကျေးရွာ ဒေးပေါက်တောင်ကျောင်း၌ လေးကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်၏ နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇနိန္ဒ(လှိုင်ကော်ဆရာတော်)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရား တော်များကို မတ် ၂၃ ရက်မှ ၃၀ရက်အထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ၊ လှူဒါန်းမှု အစုစုလှူဒါန်းလိုသော စေတနာရှင်များ မတ် ၂၂ ရက် နောက်ဆုံးထား၍ ဒေးပေါက်တောင်ကျောင်း ဖုန်း-၃၉၀၄၄၉သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ဘုရားကုန်း ဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းမြင့် သန်လျင်မြို့နယ်ရှိ ဘုရားကုန်း ဓာတ်အားခွဲရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂၊ လျှပ်စစ်)

ရန်ကုန် မတ် ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းမြင့်သည် မတ် ၁၆ ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ ၂၃၀/၃၃/၁၁ ကေဗွီ (၁၀၀ MVA) ဘုရားကုန်း ဓာတ်အားခွဲရုံနှင့် Switch Yardတည်ဆောက်ပြီးစီးမှု အခြေအနေ ၂၃၀ KV ဓာတ်အားလိုင်း အဝင်အထွက်၊ ချိတ်ဆက်တည်ဆောက်မှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်္ကြန်တရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် နာနတ်တောလမ်း ဣစ္ဆာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၁၃)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်ဒုလ္လဘရဟန်းခံပွဲနှင့် ၉ ရက် တရားစခန်းပွဲကို (တန်ခူးလဆန်း ၇ ရက်မှ တန်ခူးလပြည့်နေ့) ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာဝံသ (ဓမ္မာစရိယ) အရှင်သူမြတ်နှင့် တပည့်များက ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောကြားမည်ဖြစ်၍ တရားစခန်းနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများသည် ဧပြီ ၁ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၁၁ရက် ညနေတွင် ရိပ်သာသို့ ကြိုတင်ရောက်ရှိကြရမည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၃၉၁၅၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

သန်လျင်မြို့ ဗိုလ်ချုပ်ရွာ သုဓမ္မာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲသင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ဗိုလ်ချုပ်ရွာ သုဓမ္မာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၅၀၈)၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ ခြောက်ထပ်ကြီး ကျောင်းတိုက် သဒ္ဓမ္မဝံသကျောင်း ဆရာတော်ဘဒ္ဒန္တ ဝရဉာဏ ကမ္မဋ္ဌာနာစရိယနှင့် မဟာသဒ္ဓမ္မကထိက ဆရာကြီး ဦးကျော်နိုင်(မန္တလေး)တို့က ဧပြီ ၁၀ ရက်မှ ၁၆ရက်(သင်္ကြန်အတက်)နေ့အထိ ခုနစ်ရက် အဓိဋ္ဌာန်စခန်းပွဲကို ခန္ဓာဉာဏ်ရောက် ဟောကြားမည်ဖြစ်ပါ၍ တရားအားထုတ်လိုသော ယောဂီများ ဖုန်း-၀၅၆-၂၁၉၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

မိတ်ဆုံအပန်းဖြေ ဘုရားဖူးခရီး ထွက်မည်

ရန်ကုန် မတ် ၁၈

ရခိုင်သဟာယအသင်း (ရန်ကုန်)က ကြီးမှူး၍ ကျိုက်လတ်မြို့သို့ မတ် ၂၇ ရက် (တပ်မတော်နေ့) နံနက် ၆ နာရီတွင် နှစ်ထပ်သင်္ဘောကြီးဖြင့် နေ့ချင်းပြန်ဒေသန္တရလေ့လာရေး မိတ်ဆုံအပန်းဖြေနှင့် ဘုရားဖူး ခရီးထွက်မည်ဖြစ်၍ ဦးကျော်ဖလှ ဖုန်း-၅၅၆၂၂၁၊ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ရင် ဖုန်း-၀၉၅၁ ၂၆၄၈၉၊ ဦးရွှေသိန်းကျော် ဖုန်း-၀၉၅၀ ၀၂၇၉၅၊ ဦးထွန်းနိုင် ဖုန်း-၀၉၅၀ ၁၃၈၈၇ တို့သို့ လက်မှတ်များ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် သင်္ဘောပေါ်တွင် အစားအသောက်နှင့် ပျော်ပွဲရွှင်ပွဲများ ပါရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချီးမြှင့်

သာကေတမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းတွင် အခြေခံပညာ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ် ၈ ရက်က ကျင်းပရာ မထက်ထက်နိုင်အား ကျောင်းအုပ် ဆရာကြီး ဦးထွန်းပွားက သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (ပညာရေး)

ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

မော်လမြိုင်တက္ကသိုလ် ၂၀၀၂-၂၀၀၃ ဘူမိဗေဒကျောင်းသား၊ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဧပြီ ၁ရက်(အင်္ဂါနေ့) ညနေ၃နာရီတွင် မော်လမြိုင် ဈေးချိုရပ်ကွက်ရှိ ဟုန်စံစီ ဘုရားကျောင်း၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရောက် အပူဇော်ခံ ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်း သူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဇေနီလှိုင်ဦး ဖုန်း-၀၅၇-၇၀၁၈၃၊ မဇာဇာသွယ်ဇင် ဖုန်း-၀၅၇-၂၇၅၉၅၊ အောင်မင်းစိုး ဖုန်း-၀၅၇-၂၇၀၃၄ နှင့် ဌေးလွင်အောင် ဖုန်း-၀၉-၅၃၂၀၈၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး ဦးဆုံမင်းအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် ၁၀ရပ်ကွက် သစ္စာလမ်းနေ မိခင်ကြီး ဒေါ်သန်းရီ၏ (၆၈)နှစ်ပြည့် မွေးနေ့ အလှူအဖြစ် ၁၀ ရပ်ကွက် ၃လမ်းရှိ သာသနာ့နုဂ္ဂဟသမဂ္ဂဓမ္မာရုံ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၃၅၀၀၀၀ကို မတ် ၁၂ ရက်က လှူဒါန်းရာ ဓမ္မာရုံဥက္ကဋ္ဌ ဦးသိန်းနှင့်နာယကတို့ လက်ခံယူစဉ်။ (က-ပ)

ဆွမ်းဆန်တော် အလှူရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၈

ပရိယတ္တိ သာသနာနုဂ္ဂဟ (ရန်ကုန်) ဆန်လှူအသင်းကြီး၏ (၂၃၃)ကြိမ်မြောက် တပေါင်းလ ဆွမ်းဆန်တော်အလှူ ရေစက်ချပွဲကို မတ်၂၁ရက် (တပေါင်းလ ပြည့်နေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ဦးမောင်ကလေး-ဒေါ်ကြွတ် တန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ ဆွမ်းဆန်တော်အိတ် ၅၀၀၀ကျော်ကို မြို့နယ် ၃၂မြို့နယ်ရှိ စာသင်တိုက် ၂၁၂ကျောင်းသို့ လှူဒါန်းရေစက်ချမည်ဖြစ်သည်။ ဆွမ်းဆန်တော်အလှူ အောင်ပွဲအထိမ်းအမှတ်အဖြစ် အသင်းကြီး၏ ဩဝါဒါစရိယ တိပိဋကဓရ ဆရာတော်ကြီးသုံးပါး၏ အထူးတရားပွဲကို မတ် ၂၆ရက်မှ ၂၈ရက်အထိ သုံးညတိုင်တိုင် အသင်းကြီးတည်ရှိရာ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၈၉)၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ အရာခံဗိုလ်ဘရီ(ငြိမ်း)-ဒေါ်ခင်ဝင်းတို့၏ သားကြီး

ဗိုလ်မှူးအောင်မျိုးကျော် B.Sc(D.S.A)

တပ်မတော်(လေ)

နှင့်

ရန်ကုန်မြို့နေ ဦးတင်ဖူး[ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ စက်မှုကျွမ်းကျင်ပညာရှင်၊ ကြံသီးနှံလုပ်ငန်း(ရုံးချုပ်)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]-ဒေါ်ခင်လေးတင့်တို့၏ သမီးကြီး

မလဲ့ယဉ်နှင်း B.Sc (Physics)

Executive Deputy Director

Myanmar Consultancy Co., Ltd.

တို့၏ ၁၆-၃-၂၀၀၈ရက် Yuzana Garden Hotel တွင် ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့် အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ဆွေညွန့်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးကြသော မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော မဟေမာနေဝင်း၊ Aces တေးဂီတအဖွဲ့သားများ၊ သတို့သားအရံ ဗိုလ်ကြီးဟိန်းဆက်၊ သတို့သမီးအရံ မနွဲ့ယဉ်နှင်း၊ မင်္ဂလာပန်းကြဲပေးသော မဆုပိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဖန်း ကိုင်ဆောင်ပေးသော Model မသတိုးဆွေဇင်၊ မင်္ဂလာအောင်လက်စွပ်ဖန်း ကိုင်ဆောင်ပေးသော မမိုးအိထွေး၊ မိတ်ကပ်ခင်စန်းဝင်း၊ ဗီဒီယိုမှတ်တမ်းတင် Kid Choice Media Plan နှင့် ဓာတ်ပုံကိုအောင်မျိုး (EICS)၊ မင်္ဂလာဝတ်စုံ မစိုးစိုး၊ မစုစုဝေတို့အားလည်းကောင်း၊ Sedona Hotel (Pool Side)တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများ၊ သူငယ်ချင်းမိတ်ဆွေများ အားလည်းကောင်း၊ ၁-၃-၂၀၀၈ရက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော မြောက်ဥက္ကလာပမြို့နယ် တွံ့ဖက်မြို့နယ်တရားသူကြီး ဒေါ်ရူပဝင်းအားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးအောင်မျိုးကျော်-မလဲ့ယဉ်နှင်း

ဆွမ်းတော်ကြီးတင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် တရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၈

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သီရိလမ်းနှင့် ဩဘာလမ်းထောင့်ရှိ ဓမ္မရက္ခိတဓမ္မာရုံကြီးတွင် (၇၁)ကြိမ်မြောက် ဆွမ်းတော်ကြီးတင် ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ ပဒေသာပင် လှူဒါန်းခြင်းနှင့် အကြိုတရားပွဲများကို ကျင်းပမည်ဖြစ်သည်။ မတ် ၃၀ရက်တွင် ဘဒ္ဒန္တဥဂ္ဂါသေန (ဓမ္မကထိက၊ ဗဟုဇန ဟိတဓရ၊ သာကေတမြို့နယ်၊ ရေးဆရာတော်)၊ မတ် ၃၁ရက်တွင် ဦးကုဏ္ဍလ (ဓမ္မကထိက၊ နယ်လှည့်သာသနာပြုအရှေ့ဥယျာဉ်တိုက်၊ စမ်းချောင်းမြို့နယ်၊ အောင်ခြင်းဆရာတော်)၊ ဧပြီ၁ရက်တွင် ဘဒ္ဒန္တအရှင်ခေမိန္ဒ (ဓမ္မကထိက၊နယ်လှည့်သာသနာပြု၊ ခင်မကန်တိုက်ကျောင်း၊ တောင်ဒဂုံမြို့နယ်၊ စစ်ကိုင်းဆရာတော်)တို့က အထက်ပါ ဓမ္မာရုံတွင် ညစဉ် ၇နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဆွမ်းတော်ကြီးတင်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပဒေသာပင်များ လှူဒါန်းခြင်းကို ဧပြီ ၂ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

မင်္ဂလာညစာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးလင်ဒင်ကိုင်-ဒေါ်ကျင်ပု)တို့၏ သားငယ်၊ ဒေါ်မျိုးမျိုးခိုင်

[KI KI (MYANMAR) Advertising Media]၏ မောင်

Lim Hin @ **ဇော်ဝင်း** B.Sc(Maths)

[KI KI (MYANMAR)Advertising Media]

နှင့်

ရန်ကုန်မြို့နေ ဦးအေးမြတ်(သိန်းတိုးအောင်ပွဲရုံ၊ ဘုရင့်နောင်)-ဒေါ်ခင်သီတို့၏ တစ်ဦးတည်းသော သမီး

ပြုံးမြတ်သူ B.Com

တို့၏ ၆-၃-၂၀၀၈ရက်နေ့တွင် Sedona Hotel(Dagon Room) ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် ၁၆-၃-၂၀၀၈ရက်နေ့တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညစာညည့်ခံပွဲတွင် လက်ထပ်လက်စွပ် ဆင်မြန်းပေးသော တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်နှင့် ဇနီး ဒေါ်လေးမြင့်အားလည်းကောင်း၊ လင်မျိုးနွယ် မိသားစုများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာဖန်တီးပေးသော ဒီဇိုင်း ကိုဇော်မောင်၊ ပုံနှိပ်ပေးသော ရွှေထီးပုံနှိပ်တိုက်မှ ကိုရန်နိုင်၊ မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးသော ကိုနေမျိုး(ဆေး)နှင့် Dream boat မှ ကိုမောင်မောင်အေး၊ အခမ်းအနားမှူး ချိုသက်ထွန်း၊ မင်္ဂလာပန်းကြဲပေးသော ချယ်ရီမင်းထွန်း၊ လက်ထပ်လက်စွပ်ဖန်းကိုင်ဆောင်ပေးသော စမ်းမြသီတာအောင်၊ သတို့သားအရံ ထိန်လင်းနှင့် သတို့သမီးအရံ သီတာမွန်၊ မင်္ဂလာဝတ်စုံ Memory၊ မိတ်ကပ်ဆံပင် အောင်အောင် (တောင်ကြီး)နှင့် အဖွဲ့၊ စန္ဒရား Dr. သိန်းမြင့်သန်း၊ ဓာတ်ပုံ ထွန်းထွန်းမြင့်၊ ဗီဒီယို ရဲဝင့်ဖုန်းနှင့် အဖွဲ့၊ ကိုအောင်မင်း၊ ကိုသဲဇာ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ လက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်ဆွေများနှင့် တက်ရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလုံး အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
Lim Hin @ ဇော်ဝင်း-ပြုံးမြတ်သူ

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် အေးရိပ်မွန် (၈)လမ်းနေ ဒေါ်ငွေရီ မိသားစုက ကွယ်လွန်သူ(ဦးစိန်ဝင်း)အား ရည်စူး၍ လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ အသစ်တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်၁၀သိန်းကို မတ် ၁၆ ရက်က ကြံခင်းကျောင်း ဆရာတော် အရှင်ပဏ္ဍိစ္စထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည် မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်) ၁၃၀၉၄၂] ကိုင်ဆောင်သူသည် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၅-၂-၂၀၀၈နေ့တွင် ဦးအုန်းမြင့် [၁၂/ရကန(နိုင်)၀၃၆၆၉၉]အား လွှဲအပ်မှတ်ပုံတင်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲ စာအမှတ်(၁၅၂၄/၂၀၀၈)နှင့် ၂၀-၂-၂၀၀၈နေ့တွင် ဒေါ်ခင်ထွေးထွေး [၁၂/မဂတ(နိုင်)၀၁၆၁၈၉]အား လွှဲအပ်မှတ်ပုံတင်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၂၂/၂၀၀၈)တို့အား ပြန်လည်ရုပ်သိမ်းပယ်ဖျက်ကြောင်းအများ သိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-**ဦးလှမောင် B.A(Phi:), H.G.P,R.L**

တရားရုံးချုပ်ရှေ့နေ(၁၉၁၀)

အမှတ်(၉၅)၊ ၁၀၁လမ်း၊ ကန်တော်လေး၊ ရန်ကုန်

ထီးတော်တင်လှူပွဲနှင့် ကံထပ်မင်္ဂလာ ကျင်းပမည်

ရန်ကုန် မတ် ၁၈

ရွှေပေါက်ကျွန်း ဆရာတော်၏တပည့် ဦးဝိလာသက သန်လျင်ရွှေပေါက်ကျွန်း သာသနာပြုစခန်းတွင် ရှေးဟောင်းစိတ္တသန္တိစေတီတော် ထီးတော်တင်လှူပွဲနှင့် သံဃာ ၁၀၈ပါး ကံထပ်မင်္ဂလာကို သန်လျင်ရွှေပေါက်ကျွန်းသာသနာပြုစခန်း၌ တပေါင်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ သံဃာတစ်ပါးအတွက် ပရိက္ခရာရှစ်ပါးနှင့် ဆွမ်းစရိတ်ကျပ် ၇၀၀၀ နှုန်းဖြင့် ပါဝင်၍ကံထပ်မင်္ဂလာပြုလုပ်နိုင်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်-ဒေါ်ခင်သန့်စင်တို့၏ သားတပည့်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းထွန်း-ဒေါ်စန်းတို့၏ သား၊ ဦးအေးကို (A.K-Construction Industry Company)-ဒေါ်နန်းမြင့်မြင့်စိုးတို့၏ ညီ/မောင်

ဗိုလ်မှူးအောင်ဆန်းဦး B.Sc(D.S.A)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၅၁)၊ မင်္ဂလာခြံနေ ဗိုလ်မှူးကြီးအောင်မြင့်ဘော်(ငြိမ်း)-ဒေါ်ဝင်းဝင်းထွန်းတို့၏ သမီး

ဒေါက်တာသုနန္ဒာ B.Sc(Hons:) (Physics) (Y.U),
M.S(Engineering Physics-Electronic) (Y.T.U),
Ph.D(Computer Hardware Technology) (U.C.S.Y)

လက်ထောက်ကထိက(စက်မှုနှင့်သက်မွေးပညာဦးစီးဌာန-ရန်ကုန်)
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

တို့၏ ၁၆-၃-၂၀၀၈ရက်(Traders Hotel Myanmar Ballroom)၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲ အခမ်းအနားတွင် မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၏ ဇနီး ဒေါ်အေးအေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဇနီး ဒေါ်မေကြည်စိန်တို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လက်ထပ်မင်္ဂလာအခမ်းအနားတွင် မော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားသူကြီး ဦးမြသိဏ်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့်ဇနီး၊ ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေ(ငြိမ်း) (လဝကရုံးအဖွဲ့မှူး)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်းနှင့် Rainbow တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယို စိုင်းဘုန်းထူး၊ မိတ်ကပ်အောင်အောင်(တောင်ကြီး)၊ မင်္ဂလာပန်းကြဲပေးသော မခင်မေခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဖန်းကိုင်ဆောင်ပေးသော မနေခြည်ဆက်နှင့် မအိအိသူ၊ သတို့သားအရံ ဗိုလ်ကြီးသန့်ဇင်နှင့် ဗိုလ်ကြီးမျိုးကျော်ဦး၊ သတို့သမီးအရံ မကျော့ကေခိုင်နှင့် မသန္တာထွေး၊ မင်္ဂလာညည့်ခံပွဲအတွက် အဘက်ဘက်မှ ကူညီပေးပါသော AK Construction Industry Company နှင့် Asia World Company မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးအောင်ဆန်းဦး-ဒေါက်တာသုနန္ဒာ

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ လမ်း/တံတား အသုံးပြုခ ကောက်ခံရေးလုပ်ငန်းများအတွက်

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ နိုင်ငံပိုင် အောက်ဖော်ပြပါ လမ်း-တံတားအသုံးပြုခကောက်ခံလျက်ရှိသော ဂိတ်စခန်း (၉)ခု၏ (၁-၄-၂၀၀၈မှ ၃၁-၃-၂၀၀၉)အထိ လုပ်ငန်းလိုင်စင်များကို နိုင်ငံသားများအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည့် ဂိတ်စခန်းများ

စဉ်	ခရိုင်	ဂိတ်အမည်	လမ်းအပိုင်း
၁။	တောင်ကြီး	ရွှေညောင်ဂိတ်(ရွှေညောင်မြို့)	ရွှေညောင်-ရပ်စောက်လမ်း
၂။	တောင်ကြီး	အောင်ပန်းဂိတ်(အောင်ပန်းမြို့)	အောင်ပန်း-ပင်လောင်းလမ်း
၃။	တောင်ကြီး	ကျုံးဂိတ်(ပင်းတယမြို့)	ကျုံး-ရွာငံ-မြို့ကြီးလမ်း
၄။	တောင်ကြီး	ပင်လောင်းဂိတ်(ပင်လောင်းမြို့)	ပင်လောင်း-အောင်ပန်းလမ်း
၅။	တောင်ကြီး	ပင်လောင်းဂိတ်(ပင်လောင်းမြို့)	ပင်လောင်း-နေပြည်တော် ပျဉ်းမနားလမ်း
၆။	လွိုင်လင်	လွိုင်လင်ဂိတ်(လွိုင်လင်မြို့)	လွိုင်လင်-ကွန်ဟိန်းလမ်း
၇။	လွိုင်လင်	ကွန်ဟိန်းဂိတ်(ကွန်ဟိန်းမြို့)	ကွန်ဟိန်း-တာကော်လမ်း
၈။	လွိုင်လင်	ကွန်ဟိန်းတံတား(သာမန်)	ကွန်ဟိန်း-တာကော်လမ်း
၉။	လွိုင်လင်	တာကော်တံတား(သာမန်)	ကွန်ဟိန်း-တာကော်လမ်း

(ခ) ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်အချိန် - ၂၅-၃-၂၀၀၈(အင်္ဂါနေ့) နံနက် (၉း၀၀)နာရီ

(ဂ) ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တောင်ကြီးမြို့။

၂။ ဂိတ်တစ်ခုချင်းအလိုက် ချိပ်ပိတ်တင်ဒါတင်သွင်းခွင့်လျှောက်လွှာ အသေးစိတ်စည်းကမ်းချက်များ၊ အာမခံတင်သွင်းရမည့် ငွေကြေး၊ ငွေပေးသွင်းရမည့် စည်းကမ်းချက်များကို စုံစမ်းနိုင်ပါကြောင်းနှင့် လျှောက်လွှာတစ်စောင်လျှင်(၅၀၀၀/-)(ကျပ်ငါးထောင်တိတိ)ဖြင့် အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တောင်ကြီးမြို့တွင် ဝယ်ယူပြီး ၂၄-၃-၂၀၀၈(တနင်္လာနေ့) ညနေ (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိလိုသော အချက်များကို ဖုန်းနံပါတ် ၀၈၁-၂၁၀၁၆၊ ၀၈၁-၂၁၁၄၂တို့တွင် စုံစမ်းမေးမြန်းနိုင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်နေထိုင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဦးစားပေးပါမည်။

လမ်းတံတားအသုံးပြုခွင့် လေလံတင်ရောင်းချရေးကော်မတီ
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၁၂ရက် နံနက် ၉နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိများအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးတင်အေး၊ ဒေါက်တာမှူထန်နှင့် ဦးစောဝင်းအောင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးတင်အေးက အဖွင့်အမှာစကားပြောကြားပြီး ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး သဘာပတိပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်အေးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈) ကျင်းပ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၈)ကို ကျင်းပစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၁၈-၃-၂၀၀၈

မင်းဘူး	➪	၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)
အောင်လံ	➪	၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ယနေ့မီးဘေး ကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**
☆ **BBC ညာနေသည်**
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ **အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား**